ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

**ဘယ်အခါမှ အကျိုးမဆုတ်ယုတ်**

အပြစ်ကို အပြစ်နှင့်လျော်စွာ နှိမ်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိကို မြေဥ္ဓမြှုပ်ထားသော ရွှေအိုးတို့ကို ပြောကြားလာသောသူကဲ့သို့သဘောထား၍ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏။ ဘယ်အခါမှ အကျိုးမဆုတ်ယုတ်လေ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၆)

၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၂ ရက် တနင်္ဂနွေနေ့။ Sunday, 17 May 2026 ၁၂၁၈၁

# MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်အနေဖြင့် အားပေးဆောင်ရွက်သွားမည်

## မြို့တစ်မြို့ချင်းစီအလိုက်ကောင်းအောင်ဆောင်ရွက်ခြင်းသည် နိုင်ငံကိုကောင်းအောင် တည်ဆောက်နေခြင်းပင်ဖြစ်သဖြင့် မိမိတို့မြို့ဖွံ့ဖြိုးတိုးတက်စေရေး အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားလို

နေပြည်တော် မေ ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များနှင့် ယနေ့မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများ၊ ဒေသထွက်စားသောက်ကုန်များ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှုစဉ်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဦးမင်းနောင်၊ ဦးမျိုးဇော်သိမ်း၊ ဦးဆန်းဦးနှင့် ဦးမျိုးသန့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ လုပ်ငန်းလိုအပ်ချက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးတင်ပြ**

ဦးစွာ ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးက ဒေသဆိုင်ရာအချက်အလက်များ၊ နိုင်ငံတော်အကြီးအကဲ ပြင်ဦးလွင်ဒေသသို့ ရောက်ရှိစဉ် ပြင်ဦးလွင်မြို့ရေရရှိရေး၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်း မြှင့်တင်နိုင်ရေး၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

**ယနေ့ ဖတ်စရာ**

**နေမင်း၏ အလင်းစွမ်းရည်ဖြင့် ကမ္ဘာမြေကို အလှဆင်ကြမည်**

ဆောင်းပါး စာမျက်နှာ » ၉

**မန္တလေး-မြစ်ကြီးနားလမ်းကြောင်းတစ်လျှောက်ရှိ မြို့ရွာများ၌ နိုင်ငံတော်အစိုးရ၏အုပ်ချုပ်ရေးယန္တရားများ ပြန်လည်လည်ပတ်စေရန်အတွက် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကုန်ပစ္စည်းများ တင်ဆောင်၍ သွားရောက်ပို့ဆောင်သည့်ယာဉ်များ မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိ**

စာမျက်နှာ » ၁၁

## အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ ဝင်ရောက်

နေပြည်တော် မေ ၁၆

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ တောင်ပိုင်းဒေသများ၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ **မိုး/ဇလ**

၂၀၂၆ ခုနှစ် မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ အနောက်တောင်မုတ်သုံလေ ဝင်ရောက်သည့် ရက်ပြပုံ။



ကြေးမုံ

# နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး ဒေသထုတ်ကုန်ဖွံ့ဖြိုးရေးကြိုးပမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် မေ ၁၅ ရက်က တွေ့ဆုံခဲ့ရာတွင် "မိမိတို့အနေဖြင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်း (Agro–based Industries)၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများသည် ကမ္ဘာပေါ်တွင် ရှေးကာလကတည်းက ဖွံ့ဖြိုးတိုးတက်ခဲ့ပြီး မျက်မှောက်ကာလ အကြီးစားစက်မှုနှင့်အဆင့်မြင့်နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည့်တိုင်အောင် MSME လုပ်ငန်းများသည် အားကောင်းမောင်းသန်ရှိနေဆဲဖြစ်သည်။ ဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်သည့် အမေရိကန်နိုင်ငံကဲ့သို့ နိုင်ငံများသည်ပင် စိုက်ပျိုးရေးထုတ်ကုန်များကိုထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ အများအပြားတင်ပို့နေသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်နိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် အရည်အသွေးမြင့်မားသော စက်မှုလက်မှုထုတ်ကုန်များကို ပိုမိုကျယ်ပြန့်စွာ ထုတ်လုပ်ကြရမည်ဖြစ်သည်။

စိုက်ပျိုးရေးကဏ္ဍတွင် စစ်ကိုင်း၊ မန္တလေး၊ မကွေးနှင့်ပဲခူးတိုင်းဒေသကြီးတို့၌ ချည်ထွက်သီးနှံဖြစ်သည့် ဝါသီးနှံကိုစိုက်ပျိုးကြသည်။ မန္တလေးတိုင်းဒေသကြီးသည် ဒုတိယအများဆုံး ဝါစိုက်ပျိုးသည့် တိုင်းဒေသကြီးဖြစ်သည်။ မန္တလေးတိုင်းဒေသကြီးအတွင်း ဝါကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်သည်။ ဝါကုန်ကြမ်းများကိုအခြေခံပြီး မန္တလေးတိုင်းဒေသကြီးအတွင်း ရက်ကန်းလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းစေရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ဝါမှချည်နှင့် ချည်မှချည်ထည်များကို ထုတ်လုပ်နိုင်သကဲ့သို့ ဝါစေ့ဆီနှင့် ဝါကြိတ်ဖတ်မှ တိရစ္ဆာန်အစာအစာများကို ထုတ်လုပ်ပေးနိုင်သည်။

အလားတူ ထုတ်ကုန်ပစ္စည်းများအနေဖြင့် ဈေးကွက်ရရှိရန်လိုအပ်ပြီး အရည်အသွေးမီသည့် ရောင်းကုန်ပစ္စည်းများ ထုတ်လုပ်ကြရန်လိုအပ်သည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအလိုက် လုပ်ကိုင်ဆောင်ရွက်နေကြသည့် ဈေးကွက်စီးပွားရေး အသိအမြင်များရှိရန်လိုအပ်သည်။ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်ဖြစ်သည့် "ပစ္စည်းချင်းတူပါက ဈေးနှုန်းသက်သာရမည်၊ ဈေးနှုန်းချင်းတူပါက ပစ္စည်းပိုကောင်းရမည်" ဆိုသည့်အတိုင်း ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME လုပ်ငန်းများနှင့်အတူ သမဝါယမစနစ်ဖြင့် ဆောင်ရွက်မည်ဆိုပါက ပိုမိုကောင်းမွန်မည်ဖြစ်သည်။ သမဝါယမစနစ်သည် စုပေါင်းဆောင်ရွက်သည့်စနစ်ဖြစ်သောကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွင် အားနည်းသူများ စုပေါင်းဆောင်ရွက်နိုင်သည်။

မန္တလေးတိုင်းဒေသကြီးသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအားလုံး အောင်မြင်ဖြစ်ထွန်းသည့် ထူးခြားသည့်တိုင်းဒေသကြီးဖြစ်သည်။ တိုင်းဒေသကြီး၏ GDP အနေဖြင့် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ကိုးဘီလီယံခန့်ရှိပြီး တစ်နိုင်ငံလုံးအတိုင်းအတာ၏ ၁၀ ရာခိုင်နှုန်းခန့် ပါဝင်သည်။ မန္တလေး–မြို့သာ စက်မှုဥယျာဉ် တည်ဆောက်ရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းအနေဖြင့် တိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်းများ ချောမွေ့မှန်ကန် လျင်မြန်စွာလုပ်ကိုင်နိုင်ရေး နိုင်ငံတော်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။ မန္တလေးသံရည်ကျိုလုပ်ငန်းရှင်များစုဖွဲ့၍ ဆောက်လုပ်ရေးသုံး သံပန်းလုံးများကို လျော်ဒဏ်ခံနိုင်သော အရည်အသွေး စံချိန်စံညွှန်းများ ပြည့်မီအောင် ထုတ်လုပ်လျက်ရှိသည်။ စက်မှုဇုန်များအတွက်လိုအပ်သည့် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကို နိုင်ငံတော်က သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများကို အားပေးမြှင့်တင်ပေးလျက်ရှိသည့်နည်းတူ သမဝါယမစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မတည်ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် သွင်းအားစုနှင့် နည်းပညာရရှိရေး၊ မျိုးကောင်းမျိုးသန့်နှင့်မျိုးစေ့ရရှိရေးနှင့် အခြားလိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

## မသန်စွမ်းသက်ငယ်သင်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (ရန်ကုန်)နှင့် မသန်စွမ်းသက်ငယ်သင်တန်းကျောင်း(မန္တလေး)တို့တွင် ၂၀၂၆–၂၀၂၇ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများတွင် တက်ရောက်နိုင်ခြင်းမရှိသော အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်–

**သတ်မှတ်ချက်များ**

၁။ လက်ခံနိုင်သည့် ကိုယ်အင်္ဂါနှင့် ဉာဏ်ရည်မသန်စွမ်းမှု အမျိုးအစားများ
- (က) Down Syndrome
- (ခ) Autism
- (ဂ) Attention Deficit Hyper Activity Disorder (ADHD)
- (ဃ) Global Developmental Delay (GDD)
- (င) အခြားဉာဏ်ရည်မသန်စွမ်းမှု အမျိုးအစားများ
- (စ) ခြေလက်မပြည့်စုံသူ (Amputee)
- (ဆ) သူငယ်နာအကြောတင်း (Cerebral Palsy)

၂။ အသက် (၆) နှစ်မှ (၁၈) နှစ်အတွင်းရှိသူဖြစ်ရမည်။

၃။ အိမ်ထောင်မရှိဖူးသူ(လူပျို/အပျို)ဖြစ်ရမည်။

၄။ ကျား/မ၊ လူမျိုးနှင့် ကိုးကွယ်ရာဘာသာမရွေးလျှောက်ထားနိုင်သည်။

၅။ မိဘ (သို့မဟုတ်) အုပ်ထိန်းသူကိုယ်တိုင် ကျောင်းအပ်နှံပြီး ကျောင်းသား/သူများပါ တစ်ပါတည်းခေါ်ဆောင်၍ အပ်နှံရမည်။

**ကျောင်းအပ်နှံရာတွင် လိုအပ်သည့်အချက်များ**

၁။ ကလေး၏ ပတ်စ်ပို့ဓာတ်ပုံ (၄) ပုံ၊ မွေးစာရင်း မူရင်းနှင့် မိတ္တူ

၂။ အိမ်ထောင်စုဇယားမူရင်းနှင့် မိတ္တူ

၃။ သတ်မှတ်ထားသောရောဂါအမည် (Diagnosis) မိတ္တူ

၄။ ကျန်းမာရေးနှင့်ပတ်သက်သော ဆေးမှတ်တမ်းများ

ကျောင်းသား၊ ကျောင်းသူဟောင်းများအား မေလဆန်း၊ တတိယပတ်တွင် ကျောင်းအပ်လက်ခံမည်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူသစ်များအား မေလ၊ စတုတ္ထပတ်မှစ၍ ကျောင်းအပ်လက်ခံသွားမည်ဖြစ်ပါသည်။ ရွေးချယ်ခံရသူသည် ဖွံ့ဖြိုးမှုနယ်ပယ် (၅) ရပ်အပြင် မိမိတို့၏ တစ်နေ့တာ လုပ်ဆောင်မှုများအား လေ့ကျင့်သင်ကြားရမည် ဖြစ်ပါသည်။

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၊ အမှတ်–၆၅၊ ကျိုက်ဝိုင်းဘုရားလမ်း၊ လူမှုဝန်ထမ်းအတတ်သင် သိပ္ပံဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့သို့လည်းကောင်း၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း အမှတ် (၂၆) ဘီလမ်း၊ ၅၈ x ၅၉ လမ်းကြား၊ မဟာဇေယျာဘုံရပ်ကွက်၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးမြို့သို့လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ လူမှုဝန်ထမ်းရုံးများမှ တစ်ဆင့်ဖြစ်စေ စုံစမ်းနိုင်ပါသည်။

အသေးစိတ်သိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း ၀၆၇–၄၀၄၂၅၂၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း(ရန်ကုန်) ဖုန်း ၀၉–၄၄၈၀၁၃၉၀၅၀၊ ၀၉–၂၅၀၀၈၇၂၂၉၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (မန္တလေး) ဖုန်း ၀၉–၄၀၀၄၀၇၅၄၂၊ ၀၉–၄၀၂၅၈၃၂၁၆ (ရုံးချိန်အတွင်း) ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

## မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း၏ (၁၄)ကြိမ်မြောက် ဗဟိုဦးစီးအစည်းအဝေးကျင်းပ

ရန်ကုန် မေ ၁၆

မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း (ဗဟို)၏ (၁၄)ကြိမ်မြောက် ဗဟိုဦးစီးအစည်းအဝေးကို ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် Best Western Green Hill ဟိုတယ်၌ မေ ၁၆ ရက်မှ ၁၇ ရက်အထိ ကျင်းပလျက်ရှိသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနန္ဒဝင်းနှင့် အခြေခံကျန်းမာရေးတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာ စန်းစန်းမြင့်အောင်တို့က အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ၁၆ - ၅ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **စာတည်းမှူး** | - အေးဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၂၅

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂

မန်နေဂျာ - ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

စိမ်းလန်းစိုပြည်ရေးတို့နှင့် ပတ်သက်၍ လမ်းညွှန်မှာကြားချက်များအား လိုက်နာဆောင်ရွက်ပြီးစီးမှု၊ စိုက်ပျိုးရေးကဏ္ဍတွင် အဓိကသီးနှံများ၊ ပန်းတိုင်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်မှု၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုနှင့် ဒေသတွင်း ဖူလုံမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများမှ MSME လုပ်ငန်းများအတွက် လိုအပ်သည့် ရင်းနှီးမတည်ငွေများ ထုတ်ချေးပေးထားမှုနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ ကော်ဖီများစိုက်ပျိုးထုတ်လုပ်၍ ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိမှု၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ခရိုင်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ကော်ဖီမြို့တော်၊ ကျန်းမာရေးမြို့တော်ဖြစ်စေရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ ပြင်ဦးလွင်မြို့ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ အစိုးရသစ် ပထမရက် (၁၀၀) ကာလအတွင်း ဒေသနှင့် ဒေသခံတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ လျာထားဆောင်ရွက်ထားရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့မိမြို့ဖများနှင့် MSME လုပ်ငန်းရှင်များက နိုင်ငံတော်သမ္မတကြီးအနေဖြင့် ပြင်ဦးလွင်ဒေသအတွင်း လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိမှုအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများအားလုံးက ကျေးဇူးအထူးတင်ရှိလျက်ရှိမှု၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ပြင်ဦးလွင်မြို့တွင် နှစ်စဉ် သစ်ပင်စိုက်ပွဲများကို အရှိန်အဟုန်ဖြင့် ကျင်းပပြုလုပ်၍ စိုက်ပျိုးလျက်ရှိမှုနှင့် သစ်ပင်စိုက်ပျိုးမှုများကို ကျေးရွာအုပ်စု၊ ကျေးရွာခွဲများအထိ စိုက်ပျိုးစေလိုမှု၊ ပြင်ဦးလွင်မြို့တွင် ကော်ဖီနှင့် ဝိုင်ထုတ်လုပ်မှုကို One Village One Product အဖြစ်လုပ်ဆောင်လျက်ရှိပြီး အထွက်နှုန်းကောင်းမွန်သည့် အရည်အသွေးပြည့်မီသော မျိုးကောင်းမျိုးသန့် ပျိုးပင်များ လိုအပ်လျက်ရှိမှု၊ ဂဲလောင်ချောင်းပြုပြင်ပြီးနောက်ပိုင်း ပြင်ဦးလွင်မြို့အတွင်း ရေကြီးရေလျှံမှု မရှိတော့သည့်အတွက် မြို့သူမြို့သားများအနေဖြင့် အထူးကျေးဇူးတင်ရှိလျက်ရှိမှု၊ ပြင်ဦးလွင်ဒေသတွင်း နွားနို့နှင့် နို့ထွက်မလိုင်၊ ထောပတ်များ ထုတ်လုပ်လျက်ရှိမှုနှင့် အရည်အသွေးပိုမိုကောင်းမွန်စွာဖြင့် ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့် စက်ပစ္စည်းများကို ပြည်ပမှတင်သွင်းခွင့်ရရှိလိုမှု၊ ဒေသအတွင်း ကော်ဖီများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာသည်နှင့်အညီ နည်းပညာမြင့် စက်ပစ္စည်းများအား ပြည်ပမှ တင်သွင်းခွင့်ရရှိလိုမှုနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမြှုပ်နှံငွေများ ထပ်မံထုတ်ချေးပေးစေလိုမှု၊ ကော်ဖီထုတ်လုပ်မှုတွင် ကုန်ကြမ်းအဆင့်မှ ကုန်ချောအဖြစ် ထုတ်လုပ်ရာ၌ အဆင်ပြေစေရန်အတွက် ကော်ဖီစက်ရုံများအတွက် မြေနေရာဖော်ဆောင်ပေးစေလိုမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများကို အတိုးနှုန်းသက်သာစွာဖြင့် နိုင်ငံတော်က ထုတ်ချေးပေးမှုအပေါ် ကျေးဇူးတင်ရှိလျက်ရှိမှုအခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

**ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ပြန်လည်ရှင်းလင်းဆွေးနွေး**

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဆွေးနွေးပြောကြားရာတွင် အများသုံးသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိမှု၊ ဇီးပင်ကြီး-ပြင်ဦးလွင်-ကျောက်မဲ ရထားခရီးစဉ် ပြန်လည်ပြေးဆွဲနိုင်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် ဂုတ်ထိပ်ရှုခင်းကြည့် ရထားခရီးစဉ်အား ခရီးသွားကဏ္ဍမြှင့်တင်ရေးအတွက် ပြေးဆွဲဆောင်ရွက်ပေးလျက်ရှိမှု၊ အနီးစခန်းလေဆိပ်အား အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ မက်မန်းစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်စေရေးအတွက် တောင်သူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို ဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ ကော်ဖီစက်မှုဇုန်ဆောင်ရွက်လိုမှုနှင့် စက်ပစ္စည်းများလိုအပ်မှုနှင့်ပတ်သက်၍ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ ကော်ဖီသောက်သုံးမှုများ တိုးတက်လာသည်နှင့်အညီ မြန်မာနိုင်ငံတွင်လည်း ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်လာစေရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ပြင်ဦးလွင်ဒေသအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယာမြေများ၌ စိုက်ပျိုးမွေးမြူမှုများကို သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် အညီသာ ဆောင်ရွက်ရန်လိုအပ်မှု၊ ကျေးလက်ဒေသ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ဒေသစီးပွားဖွံ့ဖြိုးတိုးတက်စေရေး အတွက် သမဝါယမစနစ်ဖြင့် စုပေါင်းစိုက်ပျိုးမွေးမြူထုတ်လုပ်ခြင်းကို ဆောင်ရွက်ပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများ၊ နိုင်ငံတစ်ဝန်းသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ပြင်ဦးလွင်ဒေသအတွင်း သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေများအား စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ချေးပေးလျက်ရှိမှုနှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လုပ်ငန်းရှင်များ၏တင်ပြချက်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်က ချမှတ်ထားသည့်မူဝါဒများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးသွားမည့်အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

> ❖ ပြင်ဦးလွင်မြို့အား ကျန်းမာရေးမြို့တော်အဖြစ် ဆောင်ရွက်နိုင်ရေး မိမိအနေဖြင့် မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိ၊ မြို့ပေါ်နေ လူဦးရေများ ထူထပ်များပြားလာသည်နှင့်အမျှ နေ့စဉ်အမှိုက်စွန့်ပစ်မှုများလည်း များပြားလာ၊ အဆိုပါ စွန့်ပစ်အမှိုက်များကို အကျိုးရှိစွာဖြင့် ပြန်လည်အသုံးချ၍ မြို့အတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကဲ့သို့သော လုပ်ငန်းများကို ဆောင်ရွက်သွားရန်လို
>
> ❖ ပြင်ဦးလွင်မြို့သို့လာရောက်သည့် ခရီးသွားများ လာချင့်စဖွယ်ဖြစ်စေရေး ဒေသထွက်စားသောက်ကုန်များ၊ ရိုးရာအဝတ်အထည်များ၊ အစားအသောက်များနှင့် ဒေသထွက်သီးနှံများ ထိုက်သင့်သည့်ဈေးနှုန်းများဖြင့် ရောင်းချပြီး ခရီးသွားများအား ကောင်းမွန်သည့် ဝန်ဆောင်မှုများပေးခြင်း၊ ပျူငှာစွာဆက်ဆံခြင်းများဖြင့် ပြင်ဦးလွင်မြို့၏ ဂုဏ်သတင်းကို မြှင့်တင်ဆောင်ရွက်

**ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးမှာကြား**

ယင်းနောက် နိုင်ငံတော်သမ္မတက ပြင်ဦးလွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် ယခင်က မိမိပြင်ဦးလွင်မြို့သို့ လာရောက်ခဲ့သည့် ခရီးစဉ်များအတွင်း မြို့တွင်းလမ်းများစနစ်တကျရှိရန် လိုအပ်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် ရပ်ကွက်ကြီး (၈) နှင့်(၁၀)အတွင်းရှိ အဓိကကျသည့် လမ်း ငါးလမ်းအား အဆင့်မြှင့်တင်ရေးဆောင်ရွက်ခဲ့ပြီး ယနေ့တွင်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့တွင် ဒေသခံများရှိသကဲ့သို့အခြားဒေသများမှ ပြောင်းရွှေ့ရောက်ရှိလာသူများလည်း ရှိကြောင်း၊ ပြင်ဦးလွင်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မြို့တွင်နေထိုင်သူများအနေဖြင့်လည်း ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နေထိုင်ရာအိမ်ခြံမြေများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ စိမ်းလန်းစိုပြည်မှုများရှိစေရေး စဉ်ဆက်မပြတ်ဆောင်ရွက်နေရန် လိုကြောင်း။

ပြင်ဦးလွင်ဒေသအနေဖြင့် ယခင်ဆယ်စုနှစ် နှစ်စုကာလခန့်နှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက များစွာဖွံ့ဖြိုးတိုးတက်လာခဲ့သည်ကို မျက်ဝါးထင်ထင်တွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့သည် သဘာဝကပေးထားသည့် ရာသီဥတုအေးချမ်းသာယာပြီး နေထိုင်ရန် ကောင်းမွန်သည့် မြို့တစ်မြို့ဖြစ်ကြောင်း၊ ထို့ကြောင့် ပြင်ဦးလွင်မြို့အား ကျန်းမာရေးမြို့တော်အဖြစ် ဆောင်ရွက်နိုင်ရေး မိမိအနေဖြင့် မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မြို့ပေါ်နေ လူဦးရေများထူထပ်များပြားလာသည်နှင့်အမျှ နေ့စဉ်အမှိုက်စွန့်ပစ်မှုများလည်းများပြားလာကြောင်း၊ ထို့ကြောင့် အဆိုပါ စွန့်ပစ်အမှိုက်များကို အကျိုးရှိစွာဖြင့် ပြန်လည်အသုံးချ၍ မြို့အတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကဲ့သို့သော လုပ်ငန်းများကိုဆောင်ရွက်သွားရန်လိုကြောင်း။

ပြင်ဦးလွင်မြို့သည် ခရီးသွားမြို့ဖြစ်သည်နှင့်အညီ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပမှုများ ပိုမိုကောင်းမွန်လာမည်ဆိုပါက ပြည်တွင်း၊ ပြည်ပ ခရီးသွားများ ပိုမိုများပြားစွာဖြင့် လာရောက်ကြမည်ဖြစ်ပြီး ခရီးသွားလာလည်ပတ်ရန်ကောင်းမွန်သည့်မြို့အဖြစ် ပြင်ဦးလွင်၏ ဂုဏ်ဒြပ်သည် ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ခရီးသွားများ စားသုံးရန်နှင့် ဒေသတွင်းရှိ ပြည်သူများစားသုံးရန် လိုအပ်သည့် အစားအသောက်များအတွက် အသား၊ ငါးနှင့် ဥများကို ဒေသတွင်း၌ပင် လုံလောက်စွာ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြင်ဦးလွင်မြို့သို့လာရောက်သည့် ခရီးသွားများ လာချင့်စဖွယ်ဖြစ်စေရေး ဒေသထွက်စားသောက်ကုန်များ၊ ရိုးရာအဝတ်အထည်များ၊ အစားအသောက်များနှင့် ဒေသထွက်သီးနှံများ ထိုက်သင့်သည့်ဈေးနှုန်းများဖြင့် ရောင်းချပြီး ခရီးသွားများအား ကောင်းမွန်သည့် ဝန်ဆောင်မှုများပေးခြင်း၊ ပျူငှာစွာဆက်ဆံခြင်းများဖြင့် ပြင်ဦးလွင်မြို့၏ ဂုဏ်သတင်းကို မြှင့်တင်ဆောင်ရွက်သွားရန်လိုကြောင်း။ **စာမျက်နှာ ၄ သို့**☆




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ရှိ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။






နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရတနာပုံမြို့သစ်စီမံကိန်း၌ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ဒီဂျစ်တယ်မြန်မာနည်းပညာနှီးနှောဖလှယ်ပွဲနှင့် ပြပွဲအခမ်းအနားကျင်းပပြုလုပ်နိုင်ခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

☆ စာမျက်နှာ ၃ မှ

ပြင်ဦးလွင်မြို့သည် ပန်းမျိုးစုံနှင့် ရာသီသီးနှံများ စိုက်ပျိုးဖြစ်ထွန်းသည့် ဒေသဖြစ်သကဲ့သို့ ချယ်ရီပင်များစိုက်ပျိုးဖြစ်ထွန်းသည့် ဒေသဖြစ်ကြောင်း၊ ထို့ကြောင့် ပြင်ဦးလွင်မြို့ကို ချယ်ရီမြို့တော်၊ ပန်းမြို့တော်အဖြစ် တင်စားခေါ်ဝေါ်ကြခြင်းဖြစ်ကြောင်း၊ ပန်းမြို့တော်အဖြစ် ဆောင်ရွက်ရာတွင် ဒေသမျိုးရင်းပန်းမျိုးများကို ပိုမိုဖြစ်ထွန်းအောင် စိုက်ပျိုးဆောင်ရွက်သွားကြရန် လိုကြောင်း၊ အလားတူ မက်မန်းစိုက်ပျိုးမှုများကိုလည်း ယခင်ကတည်းက ဆောင်ရွက်ခဲ့ကြပြီး ပြင်ဦးလွင်မြို့၏ ထုတ်ကုန်တစ်ခုအနေဖြင့် ရှိခဲ့ကြောင်း၊ မက်မန်းပင်များကို ယခုထက် ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး တာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်ပေးရန်လိုကြောင်း၊ အခြားဥယျာဉ်သီးနှံများဖြစ်သည့် ထောပတ်၊ လိမ္မော်၊ မက္ကဒေးမီးယားအပါအဝင် အခြားသီးနှံများကိုလည်း တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရန် လိုကြောင်း၊ ပိုးစာပင်များလည်း စိုက်ပျိုးဖြစ်ထွန်းသဖြင့် ပိုးစာပင်ကိုအခြေခံသည့် ပိုးချည်မျှင်ထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်သဖြင့် ရေရှည်အတွက်ကြည့်၍ ပြင်ဦးလွင်ဒေသ၏ ထုတ်ကုန်တစ်ခုအဖြစ် ဆောင်ရွက်သွားနိုင်ကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ ပြင်ဦးလွင်ဒေသသည် နို့နှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်မှုနှင့်ပတ်သက်၍ ယခင်ကတည်းက နာမည်ရှိပြီး အရည်အသွေးလည်း ကောင်းမွန်မြင့်မားသည်ကို တွေ့ရကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နို့နှင့် နို့ထွက်ပစ္စည်းများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရကြောင်း၊ ထို့ကြောင့် နို့စားနွားမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ရန် လိုအပ်သဖြင့် ပြင်ဦးလွင်ဒေသ၌ နို့စားနွားမွေးမြူရေးလုပ်ငန်းများ ယခုထက်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဗဟိုမီးသတ်သင်တန်းကျောင်းသို့ ဝင်ရောက်သည့် လမ်းသစ်ဖောက်လုပ်နေမှုနှင့် ပတ်သက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ရှင်းလင်းတင်ပြစဉ်။

ပြင်ဦးလွင်ဒေသ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သစ်တောသစ်ပင်များသည် အအေးဓာတ်ကို ထိန်းသိမ်းနိုင်ခြင်းကြောင့် သစ်တောသစ်ပင် စိုက်ပျိုးထိန်းသိမ်းမှုများကို တာဝန်ရှိသူများအနေဖြင့် ကြပ်မတ်ဆောင်ရွက်သွားကြစေလိုကြောင်း၊ သစ်ပင်များစိုက်ပျိုးရာတွင် တစ်ပင်စိုက် တစ်ပင်ရှင်စနစ်ဖြင့် စိုက်ပျိုးသွားကြရန် လိုကြောင်း၊ သစ်တောသစ်ပင်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းအားဖြင့် ညီညွတ်မျှတသည့်ရာသီဥတုကို ဖော်ဆောင်နိုင်မည်ဖြစ်သကဲ့သို့ ရေအရင်းအမြစ်များကိုလည်း ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့ ရေလုံလောက်စွာရရှိစေရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ရေကိုအကျိုးရှိစွာဖြင့် သုံးစွဲသွားကြရန်လိုကြောင်း၊ အလားတူ မိုးရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်သွားကြရန်နှင့် အမှိုက်သရိုက်များ ရှင်းလင်းမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန် လိုကြောင်း။

ပြင်ဦးလွင်မြို့သည် ပညာရေးနှင့် ပတ်သက်၍ အစဉ်အလာကောင်းမွန်သည့်မြို့တစ်မြို့ဖြစ်ကြောင်း၊ ပုဂ္ဂလိကကျောင်း ၂၅ ရာခိုင်နှုန်းခန့်ရှိပြီး ပညာရေးကို ကြိုးစားမြှင့်တင်နေကြကြောင်း၊ နိုင်ငံတော်က ဖွင့်လှစ်ထားသောကျောင်းများအနေဖြင့် ပညာရေးကဏ္ဍမြင့်မားရေးကို အားပေးဆောင်ရွက်သွားကြစေလိုပြီး ကျောင်းများအားလုံး စနစ်တကျဖြစ်စေရေး၊ သတ်မှတ်စည်းကမ်းများနှင့်အညီဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်လည်း လိုကြောင်း၊ သက်ဆိုင်ရာအတန်းအလိုက် သင်ကြားပေးလိုက်သည့် ပညာရပ်များကို အမှန်တကယ်တတ်မြောက်သည့် ကျောင်းသား ကျောင်းသူများဖြစ်အောင် သင်ကြားပေးသွားရန် လိုကြောင်း၊ မိမိတို့၏သားသမီးများ ပညာတတ်များဖြစ်စေရေးနှင့် စည်းကမ်းကောင်းသည့်လူငယ်များ၊ မျိုးချစ်စိတ်နှင့် တိုင်းချစ်ပြည်ချစ်စိတ်ရှိသည့် လူငယ်များ၊ ဂါရဝတရားများဖြင့် နေထိုင်တတ်သည့် လူငယ်များဖြစ်အောင် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ကျောင်းနေရာခိုင်နှုန်းမြင့်မားရေးနှင့် တန်းစဉ်ကူးပြောင်းမှုများ မြင့်မားစေရေး ဆောင်ရွက်ပေးခြင်းဖြင့် ကလေးငယ်များ၏ တစ်ဦးချင်းဘဝတိုးတက်ရေးနှင့် အနာဂတ်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည် ဖြစ်သဖြင့် အလေးထားဆောင်ရွက်သွားရန် လိုကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်ချိန်ကာလအတွင်း ပညာရေးကဏ္ဍအတွက် အလေးထားဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍတိုးတက်ရေးအတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပညာရေးဝန်ကြီးဌာနအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၆ ဒသမ ၈၂ ရာခိုင်နှုန်း၊ အခြားဝန်ကြီးဌာနများရှိ ပညာရေးကဏ္ဍများပါဝင်ပါက နိုင်ငံတော်ဘဏ္ဍာငွေမှ ၉ ဒသမ ၂၂ ရာခိုင်နှုန်းကို အသုံးပြုသွားမည်ဖြစ်ကြောင်း၊ လာမည့်ဘဏ္ဍာရေးနှစ်တွင်လည်း ပညာရေးကဏ္ဍအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၁၀ ရာခိုင်နှုန်းထက်မနည်း တိုးမြှင့်အသုံးပြုသွားမည်ဖြစ်ပြီး လာမည့်တစ်နှစ်ကျော်တွင် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၁၅ ရာခိုင်နှုန်းအထိ တိုးမြှင့်အသုံးပြုသွားမည် ဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့ တာဝန်ယူဆောင်ရွက်သည့် ငါးနှစ်တာကာလအတွင်း ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြင်ဦးလွင်မြို့ကိုလည်း ပညာရေးနှင့်ပတ်သက်၍ စံပြမြို့ဖြစ်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း။

အားကစားကဏ္ဍနှင့်ပတ်သက်၍ ခရိုင်အားကစားကွင်းအား ပြန်လည်ပြင်ဆင်ပေးလျက်ရှိပြီး ရပ်ကွက်အလိုက် အပန်းဖြေနေရာများ၊ ပန်းခြံများ၊ အားကစားကွင်းများ ဆောက်လုပ်ပေးသွားရန်လိုကြောင်း၊ ကိုယ်လက်လှုပ်ရှား အားကစားများ လုပ်ဆောင်ခြင်းဖြင့် ကလေးငယ်များ၊ လူငယ်များအနေဖြင့် ကျန်းမာကြံ့ခိုင်မှုများ တိုးတက်ကောင်းမွန်လာမည် ဖြစ်ကြောင်း၊ လူငယ်များ၏ အားကစားမြှင့်တင်နိုင်ရေးအတွက် အခြေခံပညာကျောင်းများမှစတင်၍ ဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ရပ်ကွက်များအလိုက် အားကစားကွင်းများ၊ ကလေးကစားကွင်းများနှင့် အပန်းဖြေနေရာများကို ဖော်ဆောင်ပေးသွားရန် လိုကြောင်း။

ကျေးလက်ဒေသများ၌ ကျန်းမာရေးနှင့်လျော်ညီသည့် ယင်လုံအိမ်သာနှင့် ရေလောင်းအိမ်သာများဖြစ်စေရေး လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စာကြည့်တိုက်များကိုလည်း ဖွင့်လှစ်ပေးသွားရန် လိုကြောင်း၊ အလယ်တန်းအဆင့် ကျောင်းများအားလုံးနှင့် ကျေးရွာများအလိုက် စာကြည့်တိုက်များရှိရမည်ဖြစ်ကြောင်း၊ စာကြည့်တိုက်များအတွင်း ဗဟုသုတနှင့်အသိပညာ၊ အတတ်ပညာများ ရရှိစေမည့် စာအုပ်စာပေများကို ထားရှိနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ အမှန်တကယ်ဖတ်ရှုစေရေးအတွက်လည်း စည်းရုံးဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် ကျောင်းပြင်ပပညာရှာမှီးရန် အထောက်အကူရသည့်အပြင် အသိပညာ၊ အတတ်ပညာရှိသည့်ပြည်သူများ ပိုမိုများပြားလာမည်ဖြစ်ကြောင်း။

စာမျက်နှာ ၅ သို့ ☆

✧ ပြင်ဦးလွင်မြို့ကို ချယ်ရီမြို့တော်၊ ပန်းမြို့တော်အဖြစ် တင်စားခေါ်ဝေါ်ကြခြင်းဖြစ်၊ ပန်းမြို့တော်အဖြစ် ဆောင်ရွက်ရာတွင် ဒေသမျိုးရင်းပန်းမျိုးများကို ပိုမိုဖြစ်ထွန်းအောင် စိုက်ပျိုးဆောင်ရွက်သွားကြရန်လို

✧ မက်မန်းစိုက်ပျိုးမှုများကိုလည်း ယခင်ကတည်းကဆောင်ရွက်ခဲ့ကြပြီး ပြင်ဦးလွင်မြို့၏ ထုတ်ကုန်တစ်ခုအနေဖြင့်ရှိခဲ့၊ မက်မန်းပင်များကို ယခုထက် ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး တာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်ပေးရန်လို

✧ အခြားဥယျာဉ်သီးနှံများဖြစ်သည့် ထောပတ်၊ လိမ္မော်၊ မက္ကဒေးမီးယားအပါအဝင် အခြားသီးနှံများကိုလည်း တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရန်လို






နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ် ရပ်ကွက်ကြီး (၈)နှင့် (၁၀) ရှိ အဓိကလမ်းမကြီးငါးလမ်းအား အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းအထိမ်းအမှတ် ကမ္ဗည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ် ရပ်ကွက်ကြီး (၈)နှင့် (၁၀)ရှိ အဓိကလမ်းမကြီးငါးလမ်းကို အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် မေ ၁၆**

နိုင်ငံတော်အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ် ရပ်ကွက်ကြီး (၈)နှင့် (၁၀)ရှိအဓိကလမ်းမကြီးများဖြစ်ကြသည့် နဝရတ်လမ်း၊ သိင်္ဂီလမ်း၊ ပြည်သာယာလမ်း၊ ရတနာလမ်း၊ မာလာယုဇနလမ်း စသည့်လမ်းငါးလမ်းအား အဆင့်မြှင့်တင် ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် သိင်္ဂီလမ်း၌ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဦးမင်းနောင်၊ ဦးမျိုးဇော်သိမ်း၊ ဦးဆန်းဦးနှင့် ဦးမျိုးသန့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပပြုလုပ်မည့်နေရာသို့ရောက်ရှိကြရာ တိုင်းရင်းသားရိုးရာအကအလှအဖွဲ့များနှင့် ဒေသခံပြည်သူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အခမ်းအနားကိုစတင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က လမ်းအဆင့်မြှင့်တင်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနားကို ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဦးမင်းနောင်နှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက နိုင်ငံတော်အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ် ရပ်ကွက်ကြီး (၈)နှင့် (၁၀) ရှိ အဓိကလမ်းမကြီးငါးလမ်းအား အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်း အထိမ်းအမှတ် ကမ္ဗည်းမော်ကွန်းအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

**စာမျက်နှာ ၆ သို့ ☆**

**☆ စာမျက်နှာ ၄ မှ**

MSME လုပ်ငန်းများနှင့်ပတ်သက်၍ ကုန်ကြမ်း၊ အရင်းအနှီး၊ သွင်းအားစုနှင့် လူသားအရင်းအမြစ်များရှိမှသာ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံကြီးများသည်ပင် SME လုပ်ငန်းကိုအခြေခံ၍ စီးပွားရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ဆက်လက်၍လည်း ဆောင်ရွက်နေကြဆဲဖြစ်ကြောင်း၊ ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းကိုအသုံးပြု၍ စားသောက်ကုန်လုပ်ငန်းများ ဆောင်ရွက်ရန်လိုသကဲ့သို့ ပြည်တွင်းလိုအပ်လျက်ရှိသည့် လူသုံးကုန်ပစ္စည်းများကိုလည်း ထုတ်လုပ်သွားနိုင်ရန်လိုကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်ပြီး ထုတ်ကုန်များအား ပြည်ပသို့တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံခြားငွေများ တိုးတက်ရရှိလာနိုင်မည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်အနေဖြင့် အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြို့များသည် နိုင်ငံတော်၏အစိတ်အပိုင်းဖြစ်ပြီး မြို့တစ်မြို့ချင်းစီအလိုက် ကောင်းအောင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံကို ကောင်းအောင် တည်ဆောက်နေခြင်းပင်ဖြစ်သဖြင့် မိမိတို့မြို့ဖွံ့ဖြိုးတိုးတက်စေရေး ဒေသခံများနှင့် ဒေသတွင်တာဝန်ထမ်းဆောင်နေသူများ အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် ပြင်ဦးလွင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)လုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများ၊ ဒေသထွက် စားသောက်ကုန်များ ခင်းကျင်းပြသထားရှိမှုအပေါ် လှည့်လည်ကြည့်ရှုခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မန္တလေး-လားရှိုး လမ်းမကြီးမှ ဗဟိုမီးသတ်သင်တန်းကျောင်းသို့ ဝင်ရောက်သည့် လမ်းသစ်ဖောက်လုပ်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လမ်းသစ်ဖောက်လုပ်နေသည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတကလမ်းသစ်ဖောက်လုပ်နေမှုအား မိုးမကျမီပြီးစီးအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ လမ်းဘေးတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ စနစ်တကျထည့်သွင်းဖောက်လုပ်သွားရန် လိုကြောင်း၊ လမ်းနယ်အတွင်း အရိပ်ရလေကာပင်များ စနစ်တကျထည့်သွင်းစိုက်ပျိုးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် လမ်းကြောင်းတစ်လျှောက် လမ်းဖောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများ၊ တံတားများထည့်သွင်းတည်ဆောက်ထားရှိမှုများနှင့် ဗဟိုမီးသတ်သင်တန်းကျောင်းအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ပြင်စာကျေးရွာအနီး ရတနာပုံမြို့သစ်စီမံကိန်းရှိ ရတနာပုံတယ်လီပို့ အဆောက်အအုံသို့ရောက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ရတနာပုံမြို့သစ်စီမံကိန်းဆိုင်ရာအချက်အလက်များ၊ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ရတနာပုံမြို့သစ်စီမံကိန်းသို့ နိုင်ငံတော်အကြီးအကဲရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ လမ်း၊ ရေရရှိရေးနှင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ဒီဂျစ်တယ်မြန်မာနည်းပညာနှီးနှောဖလှယ်ပွဲနှင့် ပြပွဲအခမ်းအနား ကျင်းပပြုလုပ်နိုင်ခဲ့မှုနှင့် ရရှိခဲ့သည့်အကျိုးရလဒ်များ၊ ရတနာပုံမြို့သစ်စီမံကိန်းအတွင်း စိမ်းလန်းစိုပြည်ရေးဆောင်ရွက်သွားမည့် အစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ရတနာပုံမြို့သစ်စီမံကိန်းဧရိယာအတွင်း သောက်သုံးရေများ လုံလောက်စွာရရှိရေးနှင့် လျှပ်စစ်မီးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများဖြင့် စီမံဆောင်ရွက်သွားရန်လိုကြောင်း၊ အဆောက်အအုံများ တည်ဆောက်ရာတွင်လည်း ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများဖြစ်စေရန် လိုကြောင်း၊ စီမံကိန်းဧရိယာအတွင်း စိမ်းလန်းစိုပြည်ရေး၊ ရေအရင်းအမြစ်များကို အပြည့်အဝနှင့် အကျိုးရှိရှိအသုံးချနိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရတနာပုံမြို့သစ်စီမံကိန်းအတွင်း ဒီဂျစ်တယ်၊ အိုင်တီနှင့် အေအိုင်နည်းပညာများ တိုးတက်စေရေး သက်ဆိုင်ရာဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း၊ လုပ်ငန်းဆောင်ရွက်မည့် ကုမ္ပဏီများအနေဖြင့်လည်း ဒီဂျစ်တယ်၊ အိုင်တီနှင့် အေအိုင်နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေမည့် အထောက်အကူပြုပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်းများကိုသာ ဆောင်ရွက်သွားရန်လိုကြောင်း၊ ဝန်ထမ်းအိမ်ရာများ၊ သွားရေးလာရေးနှင့် အုပ်ချုပ်မှုကိစ္စရပ်များ အဆင်ပြေစေရေးအတွက်လည်း စီမံဆောင်ရွက်သွားရန်လိုပြီး Master Plan ကို စနစ်တကျရေးဆွဲဆောင်ရွက်သွားရန် လိုကြောင်း၊ Master Plan ကို စနစ်တကျရေးဆွဲပြီးမှသာလျှင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ရတနာပုံမြို့သစ်စီမံကိန်းဧရိယာအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

☆ စာမျက်နှာ ၅ မှ

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် အခမ်းအနား တက်ရောက်လာကြသူများက ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ် ရပ်ကွက်ကြီး ၈ နှင့် ၁၀ ရှိ အဓိကလမ်းမကြီး ငါးလမ်းအား အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်း အထိမ်းအမှတ် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အဆင့်မြှင့်တင်ဖွင့်လှစ်ခဲ့ပြီးဖြစ်သည့် သိင်္ဂီလမ်းတစ်လျှောက် လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အဆင့်မြှင့်တင်ဖွင့်လှစ်ခဲ့ပြီးဖြစ်သည့် ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ် ရပ်ကွက်ကြီး ၈ နှင့် ၁၀ ရှိ အဓိကလမ်းမကြီး ငါးလမ်းအား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ပြင်ဦးလွင်မြို့သည် အေးချမ်းသာယာသည့် တောင်ပေါ်မြို့ဖြစ်သည့်အပြင် ပြည်တွင်း၊ ပြည်ပ ခရီးသွားများ လာရောက်လည်ပတ်သည့် ခရီးသွားမြို့တော်ဖြစ်သည့်အတွက် နိုင်ငံတကာ အဆင့်မီသော မြို့ပြဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားရန် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ ပြင်ဦးလွင်မြို့အား အဆင့်မြှင့်တင်ခြင်းများကို ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့တွင် နိုင်ငံတော်အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးခဲ့ပြီး အဆင့်မြှင့်တင်ဖွင့်လှစ်လိုက်သည့် ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ် ရပ်ကွက်ကြီး (၈)နှင့် (၁၀)ရှိ အဓိကလမ်းမကြီးများ ဖြစ်ကြသည့် နဝရတ်လမ်း၊ သိင်္ဂီလမ်း၊ ပြည်သာယာလမ်း၊ ရတနာလမ်း၊ မာလာယုဇနလမ်းတို့သည် ပဒေသာမြို့သစ် စတင်အကောင်အထည်ဖော်စဉ်ကတည်းကပင် တည်ရှိခဲ့ခြင်းဖြစ်ပြီး မူလလမ်းအကျယ် နှစ်လမ်းသွားဖြစ်သော်လည်း ကားနှစ်စီးတိမ်းရှောင်ရန်လုံလောက်သည့် အခြေအနေတွင်မရှိသောကြောင့် လမ်းငါးလမ်း၏ စုစုပေါင်းအရှည် ၃၂၈၁၃ ပေအား အကျယ် ၂၄ ပေအထိ လမ်းအဆင့်မြှင့်တင်တိုးချဲ့ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့ရွာများ အမြန်ခေတ်မီဖွံ့ဖြိုးတိုးတက်ရမည်ဟူသည့် ဆောင်ပုဒ်နှင့်အညီ မြို့တွင်းလမ်းများအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို မြို့အင်္ဂါရပ်နှင့်အညီ ဖြစ်စေရေး အထက်အကြီးအကဲများ၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိရာ ၂၀၂၁ ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိ နိုင်လွန်ကတ္တရာလမ်းပေါင်း ၁၆ လမ်း၊ မိုင်အရှည်အားဖြင့် ၁၂ မိုင် ၄ ဖာလုံကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုကြားချက်များနှင့်အညီ ပြင်ဦးလွင်မြို့အား နိုင်ငံတကာ အဆင့်မီသော မြို့ပြဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဘက်စုံတိုးချဲ့ ဆောင်ရွက်ပေးလျက်ရှိသည့်အပေါ် ပြင်ဦးလွင်မြို့ ဒေသခံပြည်သူများအနေဖြင့် များစွာ ဂုဏ်ယူဝမ်းမြောက် ကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အဆင့်မြှင့်တင် ဖွင့်လှစ်ခဲ့ပြီးဖြစ်သည့် သိင်္ဂီလမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဦးမင်းနောင်နှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်တို့က ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ် ရပ်ကွက်ကြီး ၈ နှင့် ၁၀ ရှိ အဓိကလမ်းမကြီး ငါးလမ်းအား အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်း အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းအဆောင်နှင့် အိမ်ရာများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၆**

မန္တလေးငလျင်ကြီးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းအိမ်ရာများအနက် ပြန်လည်ပြုပြင်ပြီးစီးသွားသော ဝန်ထမ်းအိမ်ရာများနှင့် အဆောင်များတွင် အရာထမ်း၊ အမှုထမ်းများ ပြန်လည်နေထိုင်နေမှုအခြေအနေကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းသည် ဒုတိယဝန်ကြီး ဦးရဲတင့်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက်ရှိ သဇင်(၁) အဆောင်(၁၀)နှင့် သဇင်(၆) အဆောင်(၁) အပျိုဆောင်များ၊ ပညာသိဒ္ဓိရပ်ကွက်ရှိ ခရေအိမ်ရာ တိုက်အမှတ် (၁၃၂)၊ (၁၃၃)နှင့် (၁၃၄)တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၏ နေထိုင်စားသောက်မှုနှင့် ကျန်းမာရေးအခြေအနေ၊ အိမ်ရာနှင့် အဆောင်ဝင်းများအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ အိမ်ရာနှင့် အဆောင်စည်းကမ်းများနှင့်အညီ နေထိုင်နေမှု၊ ပြုပြင်ပြီးစီးသွားသည့် အဆောက်အအုံများ၏ ကြံ့ခိုင်မှုအခြေအနေ၊ ရေနှင့် လျှပ်စစ်မီးရရှိမှုတို့ကို မေးမြန်းအားပေးကာ ဝန်ထမ်းများနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဒလမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်

**ဒလ မေ ၁၆**

နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)စီမံချက်ဖြင့် အင်းစိန်ခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ဒလမြို့နယ်ရှိ ဒေသခံတောင်သူများအား စိုက်ပျိုးစရိတ် တိုးမြှင့်ထုတ်ချေးခြင်းနှင့် ၂၀၂၆ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၁၂ ရက်က အင်းစိန်ခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ ကျင်းပသည်။

အခမ်းအနားတွင် အင်းစိန်ခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဦးလှဝင်းနှင့် ဝန်ထမ်းများက ထော်အောက်ကျေးရွာရှိ တောင်သူ နှစ်ဦးနှင့် ခနောင်အထက်ကျေးရွာရှိ တောင်သူ သုံးဦးတို့၏ မိုးစပါး ၄၃ ဧကအတွက် ကျပ် ၁၂၉ သိန်းအား စတင်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ခင်စန္ဒာမြင့်(ပြန်/ဆက်)



**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း ရေတာရှည်မြို့နယ်နှင့် တောင်ငူမြို့နယ်တို့မှ ပြည်သူ့ဆေးရုံ/ကျန်းမာရေးဌာနများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၁၆**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီတိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံ၌အတွင်းလူနာများကုသပေးနေမှုအခြေအနေ၊ ဆေးသိုလှောင်ခန်း၊ ဓာတ်မှန်ဌာန၊ ဓာတ်ခွဲဌာန၊ ခွဲစိတ်ခန်းတို့ကို လှည့်လည်ကြည့်ရှုသည်။

**ချီးမြှင့်ငွေများပေးအပ်**

ထို့နောက် မြို့လှတိုက်နယ်ဆေးရုံ၊ ဆွာတိုက်နယ်ဆေးရုံ၊ ဆွာကျေးလက်ကျန်းမာရေးဌာန၊ ရေတာရှည်မြို့နယ်ပြည်သူ့ဆေးရုံတို့ရှိ ပြင်ပလူနာဌာန၊ ဓာတ်ခွဲဌာန၊ အတွင်းလူနာဆောင်၊ ကာကွယ်ဆေးသိုလှောင်ခန်း၊ ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး တောင်ငူမြို့နယ် ကျွန်းကုန်းကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံအဆင့်မြှင့်တင်ရေးနှင့် ကျေးလက်ဒေသ ပဏာမကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့်အခြေအနေများ၊ မိခင်နှင့် ကလေးကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကြည့်ရှုကာ ချီးမြှင့်ငွေများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် တောင်ငူမြို့ရှိ တိုင်းဒေသကြီးကာကွယ်ဆေးသိုလှောင်ခန်း၌ ကာကွယ်ဆေးများ စနစ်တကျသိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တောင်ငူပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာများ ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌနှင့် ယူနန်ပြည်နယ် YNPAFFC ဥက္ကဋ္ဌတို့ တွေ့ဆုံဆွေးနွေး

**ရန်ကုန် မေ ၁၆**


မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးတင်ဦးနှင့် အဖွဲ့သည် ယူနန်ပြည်နယ် ပြည်ပနိုင်ငံများနှင့် ချစ်ကြည်ရေးအသင်း (YNPAFFC)၏ ဖိတ်ကြားချက်အရ ကူမင်းမြို့သို့ ယနေ့တွင် ရောက်ရှိပြီး အသင်းဥက္ကဋ္ဌ Ms. Wang Yu နှင့် တွေ့ဆုံဆွေးနွေးသည်။

ဆက်လက်၍ YNPAFFC ဥက္ကဋ္ဌက မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌအား နှစ်နိုင်ငံချစ်ကြည်ရေး ကြိုးပမ်းလှုပ်ရှားဆောင်ရွက်မှုများကို ဂုဏ်ပြုသောအားဖြင့် Honorary Member အဖြစ် ခန့်အပ်ဂုဏ်ပြုလက်မှတ် ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## သံတမန်တွေ့ဆုံပွဲ (Diplomatic Coffee Morning) ကျင်းပ






**ရန်ကုန် မေ ၁၆**

နိုင်ငံခြားရေး ဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ သံတမန်များ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံသည့် သံတမန်တွေ့ဆုံပွဲ (Diplomatic Coffee Morning) တစ်ရပ်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးကိုကိုကျော် တက်ရောက်ပြီး ဒုတိယဝန်ကြီးက ယနေ့တွေ့ဆုံမှုကို နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ အကြား ချစ်ကြည်ရင်းနှီးသော ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်ကြောင်းနှင့် ပုံမှန်ကျင်းပနိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံတွင် ၂၀၂၆ ခုနှစ် ဧပြီ ၁၀ ရက်မှစတင်၍ ပြည်သူများက ဒီမိုကရေစီနည်းလမ်းဖြင့် ရွေးချယ်တင်မြှောက်ထားသည့် အစိုးရ တာဝန်ယူ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာဆက်ဆံရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းနေမှု၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်နေမှုများ ပိုမိုထိရောက် အောင်မြင်နိုင်ရေးအတွက် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် အပြုသဘော ကူညီပံ့ပိုးပေးမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

အဆိုပါပွဲတွင် မြန်မာ့ကော်ဖီနှင့် မြန်မာ့နံနက်ခင်း စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံသည်။ အဆိုပါပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့ (MISIS) ဥက္ကဋ္ဌနှင့် မြန်မာသံအမတ်ကြီးဟောင်းများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ သံတမန်များနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ အပါအဝင် စုစုပေါင်းကိုယ်စားလှယ် ၅၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ဟုမ္မလင်းမြို့၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေး ပူးပေါင်းဆောင်ရွက်

**ဟုမ္မလင်း မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့၌ အခြေခံပညာကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးကို ယနေ့နံနက်ပိုင်းက ဟုမ္မလင်း အထက(၂)နှင့် အလက(၃)တို့၌ စုပေါင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျောင်းပတ်ဝန်းကျင်သာယာလှပရေးအတွက် ဆရာ ဆရာမများ၊ ရပ်ကွက်အုပ်စုအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်သူများက လူအင်အား၊ စက်ယန္တရားများဖြင့် စာသင်ကျောင်းဘေးပတ်ဝန်းကျင်ရှိ ချုံ၊ နွယ်၊ ပေါင်း၊ မြက်၊ အမှိုက်များကို ခုတ်ထွင်ရှင်းလင်းခြင်း၊ မိုးတွင်းကာလ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





## ကျိုက်ထိုမြို့နယ်၌ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်း

**ကျိုက်ထို မေ ၁၆**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ပြည်တွင်းအခွန်များဦးစီးဌာနမှ ရွှေစင်၊ ရွှေတုံးများနှင့် ရွှေထည်လက်ဝတ်ရတနာများ ရောင်းရငွေအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပွဲကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်အခွန်ဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အခွန်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ရီရီက ရွှေဆိုင်လုပ်ငန်းနှင့်ပတ်သက်၍ လုပ်ငန်းမစတင်မီ လုပ်ငန်းလုပ်ကိုင်ကြောင်း အနည်းဆုံးတစ်လကြိုတင်ပြီး လုပ်ငန်းလိုင်စင်လျှောက်ထားရန် စသည်တို့ကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ပြည့်ဖြိုး(ပြန်/ဆက်)

## ကျောက်တံတားခရိုင်၌ ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ ကျင်းပ

**ရန်ကုန် မေ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို မေ ၁၅ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးဥက္ကာက အမှာစကားပြောကြားပြီး တက်ရောက်လာသည့် ဝန်ထမ်းများ၏သားသမီးများဖြစ်သည့် မူကြိုအဆင့်နှစ်ဦး၊ မူလတန်းအဆင့်ခြောက်ဦး၊ အလယ်တန်းအဆင့်တစ်ဦး၊ အထက်တန်းအဆင့်သုံးဦး၊ တက္ကသိုလ်အဆင့်တစ်ဦး စုစုပေါင်း ၁၃ ဦးတို့အား ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းသုံးစာရေးကိရိယာများ၊ ရေဘူးနှင့် ထီးများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)



# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၆**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ယနေ့နံနက်ပိုင်းက နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဓာတ်အားကွပ်ကဲရေးဌာနခွဲ(နေပြည်တော်)ရှိ National Control Center နှင့် Advanced Metering Infrastructure(AMI) Control Center တို့ကို ကြည့်ရှု၍ ခေတ်နှင့်လျော်ညီမှု မရှိတော့သည့် မီတာဖတ်စနစ်များ၊ မီတာခကောက်ခံသည့် စနစ်များကို Digital စနစ်သို့ ကူးပြောင်းနေသည့် အရှိန်အဟုန်ကို မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ၂၃၀ ကေဗွီ နေပြည်တော် ပင်မ ဓာတ်အားခွဲရုံကို ကြည့်ရှုစစ်ဆေးပြီး မိုးရာသီကာလအတွင်း ဓာတ်အားဖြန့်ဖြူးရာတွင် ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲများကို ကြိုတင်တွက်ဆ၍ ဓာတ်အားလိုင်းတစ်လျှောက် ရှင်းလင်းခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ပေါင်းလောင်းရေလှောင်တမံ၏ ရေပိုလွှဲတွင် Hydraulic Elevated Dam (HED) တပ်ဆင်ထားရှိမှုနှင့် အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်း ရေပိုလွှဲဒီဇိုင်းအတွက် Hydraulic Model Test ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# ဒုတိယဝန်ကြီး ဦးလင်းအောင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက်အတွင်း သန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး

**နေပြည်တော် မေ ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက်ရှိမဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက်တွင် သာသနာရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများက ချုံနွယ်ပိတ်ပေါင်းများနှင့် အမှိုက်သရိုက်များ ရှင်းလင်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလင်းအောင် လိုက်လံကြည့်ရှုအားပေးသည်။

**ဆက်ကပ်လှူဒါန်း**

ယင်းနောက် မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသရိန္ဒကို လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်အရာထမ်းရာထူးများအတွက် ရေးဖြေစာမေးပွဲ ကျင်းပနေမှု ကြည့်ရှုအားပေး

**နေပြည်တော် မေ ၁၆**

နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်လစ်လပ်ရာထူး ၆၅၃ နေရာ ရွေးချယ်ပေးရန် ရေးဖြေစာမေးပွဲကို မေ ၁၆ နှင့် ၁၇ ရက်တို့တွင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေးနှင့် မော်လမြိုင်မြို့တို့ရှိ စာစစ်ဌာနငါးခု၌ တစ်ပြိုင်တည်းကျင်းပလျက်ရှိရာ ယနေ့တွင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌဦးတင်မောင်ဝင်းနှင့်အဖွဲ့ဝင်များသည် နေပြည်တော်စာစစ်ဌာနရှိ အမှတ်(၃)နှင့် အမှတ်(၁၁) အခြေခံပညာ အထက်တန်းကျောင်းများ၌ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာဖြေဆိုနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယခုကျင်းပသော ရေးဖြေစာမေးပွဲသည် နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)ကာလအတွင်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်များတွင် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့က ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး နိုင်ငံတစ်ဝန်းမှ လာရောက်ဖြေဆိုသူ စုစုပေါင်း ၃၃၉၅ ဦးရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တာမွေမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

**တာမွေ မေ ၁၆**



ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးထိုက် ဦးဆောင်၍ ခရိုင်အဆင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဝင်းနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်စာရေးဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးပွဲကို မေ ၁၁ ရက်က ရန်ကုန်မြို့ တာမွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် သဃ်န်းကျွန်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးဇော်မိုးထိုက်က အမှာစကား ပြောကြားသည်။

ထို့နောက်တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက် လာကြသူများက မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍများအလိုက် အသေးစိတ်ရှင်းလင်းဆွေးနွေးတင်ပြခဲ့ကြရာ သဃ်န်းကျွန်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

# ရေစကြိုမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ရေစကြို မေ ၁၆**



မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို မေ ၁၅ ရက်က ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မိုးရာသီကာလအတွင်း ခြင်ကြောင့်ဖြစ်ပွားနိုင်သည့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နိုင်ရေး၊ ပိုးလောက်လမ်း ဖြစ်ပွားမှုမှ ကာကွယ်နိုင်ရေး အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ တစ်အိမ်တက်ဆင်း ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ၊ ရေသိုလှောင်ကန်များအတွင်း အဘိတ်ဆေးခတ်ခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာရေး လုပ်ငန်းများကို အမှတ်(၂)ရပ်ကွက် စည်ပင်သာယာရပ်ရှိ အိမ်ထောင်စု ၁၁၉ စု၊ လူဦးရေ ၄၂၅ ဦးနှင့် ဌာနဆိုင်ရာရုံးရှစ်ရုံး၊ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၊ သီလရှင်ကျောင်းတစ်ကျောင်းတို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝေဇင်မို့(ရေစကြို)**

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော
အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# နေမင်း၏ အလင်းစွမ်းရည်ဖြင့် ကမ္ဘာမြေကို အလှဆင်ကြမည်

**ဝသန်**

တစ်နေ့တာ စွမ်းအင်အသုံးပြုမှုပမာဏကို သိပ္ပံပညာရှင်တွေက Terawatt–hours–TWh (တာရာဝပ်–အာဝါ) နဲ့ တိုင်းတာကြပါတယ်။ ခန့်မှန်းအားဖြင့် တစ်နေ့ကို ကမ္ဘာကြီးက ၄၅၀၀ တာရာဝပ်–အာဝါကို အသုံးပြုကြတယ်လို့ သိရပါတယ်။ ဒါဆိုရင်ကမ္ဘာကြီးကို အလင်းစွမ်းအင်နဲ့ အပူစွမ်းအင်ပေးနေတဲ့ နေမင်းကြီးဆီကရော တစ်နေ့ကို ဘယ်လောက်များတဲ့ အလင်းစွမ်းအင်တွေ ကမ္ဘာမြေပေါ်ရောက်ရှိနေပါသလဲ။ သိပ္ပံပညာရှင်တွေရဲ့ ခန့်မှန်းချက်အရ နေကနေ ကမ္ဘာမြေပေါ်ကို တစ်ချိန်တည်းမှာ ၁၇၃၀၀၀ တာရာဝပ် (TW) ခန့်သော စွမ်းအားရောက်ရှိနေပြီး တစ်နေ့တာအတွင်း ရရှိနိုင်တဲ့ နေစွမ်းအင်ပမာဏက ၄ ဒသမ ၁၅ သန်း တာရာဝပ်– အာဝါ (TWh)ခန့် ကမ္ဘာမြေကြီးက ရရှိနေပါတယ်။

❛ မြန်မာနိုင်ငံမှာ ဆိုလာစနစ်အသုံးပြုမှုတိုးတက်ဖို့ အဓိကအခက်အခဲက တပ်ဆင်စရိတ်မြင့်မားမှုဖြစ်ပြီး အိမ်ထောင်စုတွေက တစ်ခါတည်း ငွေကြီးကြီးမားမား ထုတ်ရတာကြောင့် မလွယ်ကူပါဘူး။ ဒါကြောင့် ဘဏ္ဍာရေးအထောက်အပံ့စနစ်တွေ အရေးကြီးလာပါတယ်။ ပထမအနေနဲ့ Solar Loan လို ဘဏ်ချေးငွေစနစ်တွေ ဖွံ့ဖြိုးလာမယ်ဆိုရင် လူတွေက အရစ်ကျပုံစံနဲ့ ဆိုလာစနစ်ကို ဝယ်ယူနိုင်လာမယ်။ လစဉ် မီတာခလျှော့ကျတာနဲ့ ချေးငွေပြန်ဆပ်နိုင်တဲ့ ပုံစံကိုသာ အသုံးပြုနိုင်ရင် လူတိုင်းအသုံးပြုလာနိုင်မယ်လို့ ခန့်မှန်းရပါတယ်။ ဒ့ါအပြင် ပုဂ္ဂလိကကုမ္ပဏီတွေကလည်း Installment Plan တွေ တိုးချဲ့လုပ်ဆောင်တာ၊ ဘဏ်နဲ့ Solar ကုမ္ပဏီတွေ ပူးပေါင်းပြီး ကနဦးပေးငွေ အနည်းငယ် ဒါမှမဟုတ် လုံးဝမလိုတဲ့စနစ်တွေ ရှိလာမယ်ဆိုရင် ပိုပြီးအသုံးပြုလာနိုင် ❜

ဒီကိန်းဂဏန်းတွေကို ကြည့်လိုက်ရင် နေဟာ ကမ္ဘာပေါ်က လူသားတွေ သုံးနေတဲ့ လျှပ်စစ်ထက် အဆ ၁၀၀၀ နီးပါး ပိုမိုကြီးမားတဲ့ စွမ်းအင်အရင်းအမြစ်ကြီးဆိုတာ အထင်အရှားဖြစ်ပါတယ်။ ဒါပေမဲ့ အံ့အားသင့်စရာကောင်းတာက ဒီစွမ်းအင် အများကြီးထဲက အလွန်သေးငယ်တဲ့ အပိုင်းအစလောက်ကိုသာ လူသားတွေက ဆိုလာနည်းပညာနဲ့ လျှပ်စစ်အဖြစ် ပြောင်းလဲအသုံးချနိုင်ပါသေးတယ်။

**ဆိုလာစနစ်ကို အဓိကအသုံးပြုသင့်တဲ့ အကြောင်းရင်းတွေကတော့ စွမ်းအင်ကုန်ကျစရိတ် လျှော့ချနိုင်တာ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေတာနဲ့ ရေရှည်မှာ လျှပ်စစ်လုံခြုံမှု ပိုမိုကောင်းမွန်လာစေတာတွေကြောင့် ဖြစ်ပါတယ်။ ဒ့ါအပြင် နေအိမ်သုံးဆိုလာစနစ် (Solar Home System) ကို တတ်နိုင်သလောက် တွင်တွင်ကျယ်ကျယ် ဝိုင်းဝန်းအသုံးပြုကြမယ်ဆိုရင် မိမိတစ်ဦးတည်းသာမကဘဲ ကျန်တဲ့နိုင်ငံသားတွေကိုပါ အကျိုးကျေးဇူးရရှိစေမှာ၊ လျှပ်စစ်အသုံးပြုသူ ဦးရေ တိုးပွားစေတာ၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုရရှိစေတာ စတဲ့ နိုင်ငံအတွက် တစ်ဖက်တစ်လမ်းက များစွာအကျိုးရှိ အထောက်အကူပြုမှာ ဖြစ်ပါတယ်။ ပြီးတော့လည်း နေအိမ်သုံးဆိုလာစနစ်ဆိုတာ နေရောင်ခြည်ကို အသုံးပြုပြီး လျှပ်စစ်ထုတ်လုပ်တာဖြစ်လို့ လောင်စာဆီ ဒါမှမဟုတ် မီးစက်လို အဆက်မပြတ် ကုန်ကျစရိတ်မျိုးမရှိဘဲ တစ်ကြိမ် တပ်ဆင်ပြီးတဲ့အခါ ရေရှည်အသုံးပြုနိုင်တဲ့ အားသာချက်တွေရှိမှာ ဖြစ်ပါတယ်။**

ယနေ့ခေတ်မှာ ကမ္ဘာတစ်ဝန်း ရာသီဥတုပြောင်းလဲမှုကို ထိန်းချုပ်ဖို့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy) အသုံးပြုမှုကို အလေးထားလာကြချိန်မှာ ဆိုလာစနစ်က အရေးအပါဆုံး အစိတ်အပိုင်းတစ်ခု ဖြစ်လာပါတယ်။

ဆိုလာစနစ်က မိမိတို့နိုင်ငံလို လျှပ်စစ်မီး တစ်နိုင်ငံလုံး မလွှမ်းခြုံနိုင်သေးတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံအဖို့ အရေးကြီးတဲ့ အစားထိုးစွမ်းအင်အရင်းအမြစ်တစ်ခုလည်း ဖြစ်ပါတယ်။ မီးပျက်ချိန်တွေမှာ ဘက်ထရီပါဝင်တဲ့ ဆိုလာစနစ်နဲ့ အိမ်သုံးလျှပ်စစ်ပစ္စည်းတွေကို အဆင်ပြေပြေ အသုံးပြုနိုင်တာမို့ နေ့စဉ်လူမှုဘဝမြင့်မားဖို့လည်း များစွာအထောက်အကူ ဖြစ်စေပါတယ်။ ကမ္ဘာပေါ်မှာ ဆိုလာစနစ်ဟာ စီးပွားရေးအရ ကုန်ကျစရိတ် လျှော့ချနိုင်ခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အထောက်အကူပြုခြင်းနဲ့ လျှပ်စစ်လုံခြုံမှုကို မြှင့်တင်ပေးနိုင်ခြင်းတို့ကြောင့်လည်း အိမ်သုံးနှင့် လုပ်ငန်းသုံး နှစ်မျိုးစလုံးအတွက် တဖြည်းဖြည်း အရေးပါလာခဲ့တဲ့ စွမ်းအင်ဖြေရှင်းချက်တစ်ခုလို့ ဆိုနိုင်ပါတယ်။

ကမ္ဘာပေါ်ရှိ နေအိမ်တွေမှာ ဆိုလာစနစ်ကို အများဆုံးအသုံးပြုတဲ့ နိုင်ငံတွေကတော့ တရုတ်၊ ဩစတြေးလျ၊ အမေရိကန်၊ ဂျာမနီနဲ့ အိန္ဒိယတို့ပါပဲ။ အထူးသဖြင့် ဩစတြေးလျနိုင်ငံမှာတော့ နေအိမ်သုံးဆိုလာအသုံးပြုမှုက အလွန်မြင့်မားပြီး အိမ်သုံးအိမ်ထောင်စုတွေထဲက သုံးပုံတစ်ပုံလောက်မှာ အိမ်ခေါင်မိုးပေါ်မှာ တပ်ဆင်တဲ့ ဆိုလာပြားစနစ် (Rooftop Solar System) တွေ တပ်ဆင်ထားတယ်လို့ သိရပါတယ်။ ဒီနိုင်ငံတွေမှာ အများဆုံးအသုံးပြုတဲ့စနစ်ကတော့ အိမ်ခေါင်မိုးပေါ်မှာ တပ်ဆင်တဲ့ Rooftop Solar ဖြစ်ပြီး အဓိကအားဖြင့် On–grid နဲ့ Hybrid စနစ်တွေပါပဲ။ On–grid စနစ်က နိုင်ငံတော်ဓာတ်အားလိုင်းနဲ့ ချိတ်ဆက်သုံးတာဖြစ်ပြီး Hybrid စနစ်ကတော့ ဘက်ထရီပါဝင်တဲ့အတွက် မီးပျက်တဲ့အချိန်မှာလည်း ဆက်လက်သုံးလို့ရပါတယ်။ မီတာခဈေးမြင့်တဲ့ နိုင်ငံတွေမှာတော့ ဒီ Hybrid စနစ်ကို ပိုပြီး လူကြိုက်များလာပါတယ်။

မကြာသေးမီနှစ်တွေထဲမှာ မြန်မာနိုင်ငံမှာလည်း နေအိမ်တွေမှာ ဆိုလာစနစ်အသုံးပြုမှု သိသိသာသာ တိုးလာပါတယ်။ ကမ္ဘာ့ဘဏ်ရဲ့ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (National Electrifi–cation Project – NEP) အစီရင်ခံစာအရ ၂၀၁၆ ခုနှစ်ကနေ ၂၀၂၂ ခုနှစ်အတွင်းမှာ အစိုးရနဲ့ အဖွဲ့အစည်းတွေက အိမ်ထောင်စု လေးသိန်းကျော်ကို နေအိမ်သုံးဆိုလာစနစ်တွေ တပ်ဆင်ပေးနိုင်ခဲ့တယ်လို့ ဖော်ပြထားပါတယ်။ ဒါက တရားဝင် စာရင်းအခြေပြုထားတဲ့ အချက်အလက်တစ်ခုပါ။

ဒ့ါအပြင် ၂၀၂၂ ခုနှစ်နောက်ပိုင်းမှာလည်း မြို့ပြရော ကျေးလက်ဒေသတွေမှာပါ Private Rooftop Solar နဲ့ Hybrid Solar System တွေ အသုံးပြုမှုက တော်တော်လေး တိုးလာပါတယ်။ ဒါပေမဲ့ တစ်နိုင်ငံလုံးအဆင့် အိမ်ထောင်စုအရေအတွက်ကို တိတိကျကျဖော်ပြထားတဲ့ တရားဝင်စာရင်းတော့ မရှိသေးပါဘူး။ International Energy Agency (IEA) နဲ့ သတင်းအဖွဲ့အစည်းအချို့ကတော့ မီးမလုံလောက်မှုနဲ့ ဒီဇယ်ဈေးတက်မှုတွေကြောင့် နေရောင်ခြည်စွမ်းအင်သုံးပစ္စည်းတွေ တင်သွင်းခြင်းနဲ့ တပ်ဆင်ခြင်းတွေ လျင်မြန်စွာ တိုးတက်လာနေတယ်လို့ပဲ မှတ်တမ်းတင်ထားပါတယ်။

အနာဂတ်အတွက် ဆိုလာအသုံးပြုမှုနဲ့ စုစုပေါင်းစွမ်းအင်ပမာဏတွေကိုတော့ အစိုးရအဆင့် တိတိကျကျ စာရင်းမရှိသေးပါဘူး။ ဒါကြောင့် International Energy Agency (IEA)၊ ကမ္ဘာ့ဘဏ်နဲ့ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) လို နိုင်ငံတကာ အဖွဲ့အစည်းတွေကတော့ စွမ်းအင်လိုအပ်ချက်၊ လျှပ်စစ်လက်လှမ်းမီမှုနဲ့ import data တွေအပေါ် မူတည်ပြီး ခန့်မှန်းတွက်ချက်မှုတွေ ပြုလုပ်နေကြတာပါ။ အဲဒီခန့်မှန်းချက်တွေအရတော့ မြန်မာနိုင်ငံမှာ Off–grid solar နဲ့ Rooftop solar အသုံးပြုမှုက ဆက်လက်တိုးလာနိုင်တယ်လို့ ဆိုထားပါတယ်။

ဆိုလာစနစ်တပ်ဆင်တဲ့အခါ ကုန်ကျစရိတ်ကတော့ အိမ်တစ်အိမ်နဲ့တစ်အိမ် မတူပါဘူး။ ဘာကြောင့်လဲဆိုတော့ အိမ်သုံးလိုအပ်ချက်၊ စနစ်အမျိုးအစား On–grid၊ Off–grid၊ Hybrid နဲ့ သုံးမယ့် လျှပ်စစ်ပမာဏအပေါ်မူတည်ပြီး အများကြီး ကွာခြားသွားတာကြောင့်ပါ။ ဒါကြောင့် ဈေးနှုန်းဆိုပြီး တိတိကျကျမရှိဘဲ အသုံးပြုမှုအလိုက် အဆင့်လိုက်ခွဲပြီး တွက်ချက်ရပါတယ်။

**ကျွန်တော်လေ့လာမိသလောက်ခြောက်ကီလိုဝပ် အိမ်သုံးဆိုလာစနစ် တပ်ဆင်အသုံးပြုမယ်ဆိုရင် နံနက် ၉ နာရီကနေ ညနေ ၃ နာရီအတွင်း ထမင်းပေါင်းအိုး၊ ဟင်းချက်ဒယ်နီ၊ မီးပူနဲ့ ရေမော်တာတွေကို အလှည့်ကျအသုံးပြုနိုင်မှာဖြစ်ပြီး ကျန်တဲ့ လျှပ်စစ်ပစ္စည်းတွေကို ၂၄ နာရီ အသုံးပြုနိုင်မယ်လို့ သိရပါတယ်။**

အဲကွန်းလို လျှပ်စစ်ပစ္စည်းတွေပါ သုံးမယ်ဆိုရင်တော့ Hybrid Solar System လိုမျိုး ငါးကီလိုဝပ်အထက်စနစ်တွေ လိုအပ်လာနိုင်ပါတယ်။ အဲဒီလို အခြေအနေမှာတော့ ကုန်ကျစရိတ်နည်းနည်းများနိုင်ပြီး ဘက်ထရီအရည်အသွေးနဲ့ အသုံးပြုချိန်အပေါ်မူတည်လို့ ဈေးပိုမြင့်နိုင်ပါတယ်။ ဆိုလာစနစ်ကုန်ကျစရိတ်က “ဘယ်လောက်ဝပ်လိုသလဲ” နဲ့ “ဘယ်ပစ္စည်းတွေကို ဘယ်လောက်ကြာကြာသုံးမလဲ” ဆိုတဲ့အချက်တွေအပေါ် မူတည်ပြီး တွက်ရ တာဖြစ်လို့ အိမ်တိုင်းအတွက် တိတိကျကျ တူညီတဲ့ ဈေးနှုန်းဆိုတာ မရှိပါဘူး။

တပ်ပြီးသွားရင်လည်း ထိန်းသိမ်းစောင့်ရှောက်မှုက အရေးကြီးသလို သေချာဂရုတစိုက်ထားမယ်ဆိုရင် စနစ်က ပိုကြာရှည်ခံပြီး လျှပ်စစ်ထုတ်လုပ်နိုင်စွမ်းလည်း ပိုကောင်းလာနိုင်ပါတယ်။ ဆိုလာပြားတွေကို ပုံမှန်သန့်ရှင်းရေးလုပ်ပေးဖို့၊ ဘက်ထရီတွေကိုလည်း Overcharge ဖြစ်တာ၊ ဒါမှမဟုတ် အားလုံးဝကုန်သွားတဲ့ Deep Discharge ဖြစ်တာမျိုး မဖြစ်အောင် Solar Charge Controller က မှန်ကန်စွာ အလုပ်လုပ်နေသလားဆိုတာ ပုံမှန်စစ်ဆေးဖို့လိုပါတယ်။ အင်ဗာတာနဲ့ လျှပ်စစ်ကြိုးတွေကိုလည်း ပုံမှန်စစ်ဆေးဖို့ လိုပါတယ်။

တချို့နိုင်ငံတွေမှာတော့ နေအိမ်သုံးဆိုလာစနစ်က ထုတ်လုပ်တဲ့ လျှပ်စစ်ကို နိုင်ငံတော်ဓာတ်အားလိုင်းထဲကို ပြန်ပို့ပြီး အသုံးချတဲ့စနစ်တွေရှိပါတယ်။ အဲဒါကို Net Metering နဲ့ Feed–in Tariff (FIT) စနစ်လို့ ခေါ်ကြပါတယ်။ ဒီစနစ်မှာဆိုရင် ကိုယ့်အိမ်က ထုတ်လုပ်တဲ့ လျှပ်စစ်နဲ့သုံးစွဲမှုကို နှိုင်းယှဉ်ပြီး ကျန်တဲ့ အပိုလျှပ်စစ်အတွက် အစိုးရ ဒါမှမဟုတ် လျှပ်စစ်ကုမ္ပဏီက ငွေကြေး ဒါမှမဟုတ် လျှော့ဈေးအဖြစ် ပြန်ပေးပါတယ်။

မြန်မာနိုင်ငံမှာတော့ လက်ရှိအချိန်အထိ နေအိမ်သုံး ဆိုလာစနစ်က ထုတ်လုပ်တဲ့လျှပ်စစ်ကို မီးလိုင်းထဲ ပြန်ရောင်းနိုင်တဲ့ Net Metering စနစ်ကို ကျယ်ကျယ်ပြန့်ပြန့် မလုပ်သေးပါဘူး။ ဒါပေမဲ့ ကမ္ဘာ့ဘဏ်ရဲ့ National Electrification Project အပါအဝင် နိုင်ငံတကာအစီရင်ခံစာတွေမှာတော့ ကျေးလက်ဒေသတွေမှာ နေအိမ်သုံးဆိုလာစနစ်တွေ တဖြည်းဖြည်းတိုးလာပြီး လူတွေ လျှပ်စစ်ကို ပိုမိုလက်လှမ်းမီလာတယ်လို့ ဖော်ပြထားပါတယ်။

**မြန်မာနိုင်ငံမှာ ဆိုလာစနစ်အသုံးပြုမှု တိုးတက်ဖို့ အဓိကအခက်အခဲက တပ်ဆင်စရိတ်မြင့်မားမှုဖြစ်ပြီး အိမ်ထောင်စုတွေက တစ်ခါတည်းငွေကြီးကြီးမားမား ထုတ်ရတာကြောင့် မလွယ်ကူပါဘူး။** ဒါကြောင့် ဘဏ္ဍာရေးအထောက်အပံ့စနစ်တွေ အရေးကြီးလာပါတယ်။ ပထမအနေနဲ့ Solar Loan လို ဘဏ်ချေးငွေစနစ်တွေ ဖွံ့ဖြိုးလာမယ်ဆိုရင် လူတွေက အရစ်ကျပုံစံနဲ့ ဆိုလာစနစ်ကို ဝယ်ယူနိုင်လာမယ်။ လစဉ် မီတာခလျှော့ကျတာနဲ့ ချေးငွေပြန်ဆပ်နိုင်တဲ့ပုံစံကိုသာ အသုံးပြုနိုင်ရင် လူတိုင်းအသုံးပြုလာနိုင်မယ်လို့ ခန့်မှန်းရပါတယ်။ ဒ့ါအပြင် ပုဂ္ဂလိကကုမ္ပဏီတွေကလည်း Installment Plan တွေ တိုးချဲ့လုပ်ဆောင်တာ၊ ဘဏ်နဲ့ Solar ကုမ္ပဏီတွေ ပူးပေါင်းပြီး ကနဦးပေးငွေ အနည်းငယ် ဒါမှမဟုတ် လုံးဝမလိုတဲ့စနစ်တွေ ရှိလာမယ်ဆိုရင် ပိုပြီးအသုံးပြုလာနိုင်ပါတယ်။

**ကုမ္ပဏီကြီးအချို့က လူမှုတာဝန်သိသော အကျိုးပြုလုပ်ငန်း {Corporate Social Respon–sibility (CSR)} တစ်ခုအဖြစ် နေအိမ်သုံးဆိုလာစနစ် တပ်ဆင်ရေးမှာ အရှိန်အဟုန်နဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးမယ်၊ အကျိုးအမြတ်မယူတဲ့ အဖွဲ့အစည်းတွေက ကျေးလက်ဒေသနဲ့ မြို့ပြဒေသမှာ ဆိုလာပြား ဝယ်ယူတင်သွင်းတာ၊ တပ်ဆင်တာ၊ ပြုပြင်ထိန်းသိမ်းတာတွေမှာ အမြတ်အစွန်းမယူဘဲ ကုန်ကျစရိတ်အတိုင်းသာ ဆောင်ရွက်ပေးမယ်ဆိုရင် နေအိမ်သုံး ဆိုလာစနစ် တပ်ဆင်ရေးအတွက် တွင်တွင်ကျယ်ကျယ် အထောက်အကူရရှိစေမှာ ဖြစ်ပါတယ်။ ဆိုလိုတာကတော့ အားလုံးက မြန်မာနိုင်ငံမှာ နေအိမ်သုံးဆိုလာစနစ် တွင်တွင်ကျယ်ကျယ် တပ်ဆင်အသုံးပြုရေးအတွက် ပရဟိတလုပ်ငန်း တစ်ရပ်လို အားတက်သရော ဝိုင်းဝန်းပါဝင်ကူညီဆောင်ရွက်ပေးစေချင်တာပါ။**

အစိုးရနဲ့ ပုဂ္ဂလိက ပူးပေါင်းတဲ့ PPP စနစ်နဲ့ Solar Project တွေကို အကြီးစားကနေ အိမ်သုံးအထိ တိုးချဲ့နိုင်မယ်ဆိုရင် တစ်နိုင်ငံလုံးရဲ့ လျှပ်စစ်အခြေခံအဆောက်အအုံလည်း တစ်ပြိုင်နက် ဖွံ့ဖြိုးလာနိုင်သလို ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်တို့လို နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ အကူအညီနဲ့ Solar Financing Fund တွေ ထူထောင်နိုင်ပါက ဝင်ငွေနည်းအိမ်ထောင်စုတွေ၊ ကျေးလက်ဒေသတွေအတွက် များစွာအထောက်အကူပြုမယ်လို့ မျှော်လင့်ရပါတယ်။

မြန်မာနိုင်ငံမှာ ဆိုလာစနစ်တိုးတက်ဖို့ နည်းပညာလိုအပ်သလို အရေးကြီးတာက ဘဏ္ဍာရေးလွယ်ကူမှုနဲ့ မူဝါဒပံ့ပိုးမှုလည်း လိုအပ်ပါတယ်။ အဲဒါတွေကို အစိုးရ၊ ပုဂ္ဂလိကနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေ ပူးပေါင်းလုပ်ဆောင်နိုင်ပြီး နိုင်ငံသားတွေကလည်း ကြိုးစားအကောင်အထည်ဖော်ကြမယ်၊ ပူးပေါင်းပါဝင်ကြမယ်ဆိုရင် ရေရှည်တည်တံ့တဲ့ စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုကို ရနိုင်မယ်လို့ ယုံကြည်မိပါကြောင်း။ ။

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ပြည်ကြီးတံခွန်မြို့နယ် ကျွမ်းကျင်မှုလေ့ကျင့်မှု သင်တန်းကျောင်း(မန္တလေး)သို့ သွားရောက်စစ်ဆေး



မန္တလေး မေ ၁၆

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ယမန်နေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အလုပ်သမားဆေးရုံကြီး (မန္တလေး)သို့သွားရောက်၍ ပြင်ပလူနာဌာနနှင့် ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် အာမခံအလုပ်သမားလူနာများအား တွေ့ဆုံအားပေး၍ လှူဒါန်းငွေများပေးအပ်ကာ ကျန်းမာရေးစောင့်ရှောက်ပေးနေမှု လုပ်ငန်းစဉ်များနှင့် ကျောက်ကပ်သန့်စင်ခြင်း ဝန်ဆောင်မှုဆောင်ရွက်ပေးနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ကြီးတံခွန်မြို့နယ် ကျွမ်းကျင်မှုလေ့ကျင့်မှုသင်တန်းကျောင်း(မန္တလေး)သို့ သွားရောက်၍ လုပ်ငန်းခွင်ဝင်ရောက်ရန်အတွက် သက်မွေးပညာရရှိရန် လိုအပ်နေသူများအား ရည်ရွယ်ဖွင့်လှစ်သော ဆိုလာတပ်ဆင်ခြင်းနည်းစနစ်သင်တန်း ဖွင့်လှစ်နေမှုနှင့် လျှပ်စစ်အလုပ်အကိုင် Level-1 စစ်ဆေးအကဲဖြတ်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကယားပြည်နယ်ဝန်ကြီးချုပ် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး
## အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀) သင်တန်းသား သင်တန်းသူများအား တွေ့ဆုံနှုတ်ဆက်



လွိုင်ကော် မေ ၁၆

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအဲ့မော်နှင့် ဒေသကွပ်ကဲရေးမှူးတို့သည် ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ အခြေခံပညာအထက်တန်းကျောင်း (ချီကယ်)၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) နမ့်ကွတ်၊ မြေနီကုန်း အခြေခံပညာမူလတန်းကျောင်း၊ လွယ်တမူ (မြောက်) အခြေခံပညာမူလတန်းကျောင်းနှင့် ပဒါးဒေး ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတို့တွင် ကျောင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။(ဓာတ်ပုံ)

ထို့နောက် အားကစားနှင့် ကာယပညာသိပ္ပံ (လွိုင်ကော်)သို့ သွားရောက်၍ နေပြည်တော်ကောင်စီနယ်မြေနှင့် ရန်ကုန်မြို့တို့တွင် သင်တန်းဆက်လက်တက်ရောက်ကြမည့် အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)မှ သင်တန်းသား သင်တန်းသူများအား တွေ့ဆုံနှုတ်ဆက်သည်။

**လေ့လာသင်ကြား**

အဆိုပါသင်တန်းကို လွိုင်ကော်သင်တန်းစခန်းတွင် ရက်သတ္တ သုံးပတ်ကြာ ဖွင့်လှစ်သင်ကြားခဲ့ပြီး နေပြည်တော်ကောင်စီနယ်မြေနှင့် ရန်ကုန်မြို့ သင်တန်းစခန်းများ၌ ရက်သတ္တ နှစ်ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကာ ကယားပြည်နယ်မှ သင်တန်းသား သင်တန်းသူ ၅၅ ဦးနှင့် အုပ်ချုပ်သူ ခေါင်းဆောင်ဦးတို့ သွားရောက်လေ့လာသင်ကြားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# မုံရွာမြို့၌ အခြေခံပညာကျောင်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



မုံရွာ မေ ၁၆

၂၀၁၆-၂၀၁၇ ပညာသင်နှစ် မုံရွာမြို့ပေါ်ရှိ အခြေခံပညာကျောင်းများ၌ ပညာသင်ကြားကြမည့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးအတွက် ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားမိဘများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

**ကြည့်ရှုအားပေး**

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေသည့် ကျောင်းများသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးကိုလေးနှင့် တိုင်းဒေသကြီးဝန်ကြီးများက ကြည့်ရှုအားပေးကြပြီး ကျောင်းများ ဥပဓိရုပ်ကောင်းမွန်ရေးနှင့် ကျောင်းဆောင် အဆောက်အအုံများ ကြံ့ခိုင်မှုရှိစေရေး မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# လွိုင်ကော်မြို့၌ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးခြင်းနှင့် ကြွေးကျန်ကောက်ခံရရှိရေး အစည်းအဝေးကျင်းပ

လွိုင်ကော် မေ ၁၆

ကယားပြည်နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ၂၀၁၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးခြင်းနှင့် NPL ကြွေးကျန်တိုးတက်ကောက်ခံရရှိရေးအတွက် ပြည်နယ်ချေးငွေအကြံပေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ကယားပြည်နယ် စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးခန်း၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ချေးငွေအကြံပေးအဖွဲ့ ဥက္ကဋ္ဌ၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးတင်လှက မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေနှုန်းထား တိုးမြှင့်ထုတ်ချေးသွားမည်ဖြစ်ကြောင်း၊ လွိုင်ကော်မြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ်တို့မှ စပါး ဧက ၂၆၀၀ နှင့် အခြားသီးနှံ ဧက ၂၇၃၀ အတွက် ငွေကျပ် ၁၄၆၅၂ သိန်း ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ အချိန်စေ့လွန် ချေးငွေကြွေးကျန်များ ကောက်ခံရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် လက်ထောက် အထွေထွေမန်နေဂျာက ချေးငွေထုတ်ချေးရေးနှင့် အချိန်စေ့လွန်(NPL) ကြွေးကျန်ကိစ္စများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်အကြံပေးအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။ ထွန်းအောင်(ပြန်/ဆက်)



# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကျင်းပ




ဟိုပုံး မေ ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း)ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ခြင်းအခမ်းအနားကို မေ ၁၅ ရက်က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်က အမှာစကားပြောကြားပြီး ဟိုပုံးမြို့နယ်၊ ဆီဆိုင်မြို့နယ်နှင့် ပင်လောင်းမြို့နယ်တို့၏ ဒေသန္တရစီမံကိန်းရည်မှန်းချက်များအား သက်ဆိုင်ရာမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့ထံ လုပ်ငန်းတာဝန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ ပအိုဝ်းဒေသ(ပြန်/ဆက်)

# မြဝတီမြို့၌ သစ်စိမ်းမြေသြဇာမျိုးစေ့များ ပေးအပ်ပွဲကျင်းပ



မြဝတီ မေ ၁၆

ကရင်ပြည်နယ် မြဝတီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှကြီးမှူး၍ ယနေ့နံနက် ၁၀ နာရီတွင် မြဝတီမြို့ မဲ့ထော်သလေးကျေးရွာ၌ ၂၀၁၆-၂၀၁၇ ခုနှစ် မိုးရာသီသစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်) မျိုးစေ့များ ထောက်ပံ့ပေးအပ်ခြင်းနှင့် စုပေါင်းကြဲပက်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပသည်။

ကွင်းသရုပ်ပြပွဲတွင် တက်ရောက်လာကြသည့် တောင်သူများ၏ လယ်မြေစုစုပေါင်း ဧက ၆၀ အတွက် သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) မျိုးစေ့ ၁၅ တင်းကို တာဝန်ရှိသူများက တောင်သူများ၏ လက်ဝယ်အရောက် ပေးအပ်သည်။

ဆက်လက်၍ တောင်သူဦးမြင့်ဦး၏ လယ်မြေ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တောင်သူများ စုပေါင်း၍ သစ်စိမ်းမြေသြဇာ ပိုက်ဆံလျှော်မျိုးစေ့များကို ကြဲပက်ခဲ့ကြကြောင်း သိရသည်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)

# မန္တလေး-မြစ်ကြီးနားလမ်းကြောင်းတစ်လျှောက်ရှိ မြို့ရွာများ၌ နိုင်ငံတော်အစိုးရ၏အုပ်ချုပ်ရေးယန္တရားများ ပြန်လည်လည်ပတ်စေရန်အတွက် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကုန်ပစ္စည်းများတင်ဆောင်၍ သွားရောက်ပို့ဆောင်သည့်ယာဉ်များ မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် မေ ၁၆

တပ်မတော်အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးပိတ်ဆို့ထားသည့် မြန်မာနိုင်ငံ၏ မြောက်ပိုင်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသော အခြေခံအဆောက်အအုံတစ်ခုဖြစ်သည့် မန္တလေးတိုင်းဒေသကြီးမှ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အထိဆက်သွယ်ထားသည့် မန္တလေး-မတ္တရာ-သပိတ်ကျင်း-တကောင်း-ထီးချိုင့်-ကသာ-အင်းတော်-မော်လူး-နန့်စီးအောင်-မိုးညှင်း-မိုးကောင်း-မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်းအား မေ ၆ ရက်တွင် အပြည့်အဝပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါဒေသများတွင် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ပြန်လည်လည်ပတ်နိုင်ရေး၊ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ၎င်းတို့၏ နေရပ်ဒေသများ၌ ပြန်လည်အခြေချနေထိုင်စဉ် စားဝတ်နေရေး အဆင်ပြေချောမွေ့စေရေး၊ ကျောင်းဖွင့်ရာသီအမီ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များနှင့် စာရေးကိရိယာများ အချိန်မီရောက်ရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ဆေးပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးနှင့် အခြားသောလိုအပ်ချက်များကို ပြန်လည်ဖြည့်ဆည်းပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်၏ စီမံဆောင်ရွက်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ အခြေခံစားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဆေးနှင့်ဆေးပစ္စည်းများ၊ ကျောင်းသုံးစာအုပ်များ၊ စက်သုံးဆီများကို ယာဉ်များဖြင့် မန္တလေးမြို့မှ မြစ်ကြီးနားမြို့သို့ ပို့ဆောင်ပေးခဲ့သည့် သတင်းအား မေ ၁၂ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပါ မြစ်ကြီးနားမြို့တွင် ရောက်ရှိနေသာ ကုန်စည်ပို့ဆောင်ရေးယာဉ်များသည် မေ ၁၅ ရက်တွင် မြစ်ကြီးနားမြို့မှ ပြန်လည်ထွက်ခွာလာကြပြီး မိုးကောင်း - မိုးညှင်း - နန့်စီးအောင် - မော်လူး - အင်းတော် - ကသာ - ထီးချိုင့် - တကောင်း - သပိတ်ကျင်း- မတ္တရာမြို့တို့ကို ဖြတ်သန်း၍ ယနေ့ညနေပိုင်းတွင် မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရှိရသည်။

**ပြန်လည်လိုက်ပါလာ**

မြစ်ကြီးနားမြို့မှ မန္တလေးမြို့သို့ ပြန်လည်ထွက်ခွာလာသည့် ကုန်စည်ပို့ဆောင်ရေးယာဉ်များနှင့်အတူ မြစ်ကြီးနားမြို့အပါအဝင်လမ်းကြောင်းတစ်လျှောက်ရှိ မြို့/ရွာများမှ မန္တလေးမြို့တွင် ပို့ဆောင်ရောင်းချမည့် ဒေသထွက်ကုန်ပစ္စည်းများ၊ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် လမ်းခရီးအခက်အခဲကြောင့် ကြန့်ကြာမှုများ ဖြစ်ပေါ်နေသည့် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ သင်တန်းတက်ရောက်ရန်သွားရောက်မည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျန်းမာရေးအခက်အခဲများကြောင့် မန္တလေးမြို့တွင် ဆေးဝါးကုသမှုခံယူရန် သွားရောက်မည့် ဒေသခံပြည်သူများ ပြန်လည်လိုက်ပါလာခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ မန္တလေး-မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် အဆိုပါလမ်းကြောင်းတစ်လျှောက်တွင် ခရီးသွားယာဉ်များ၊ ကုန်စည်ပို့ဆောင်ရေးယာဉ်များ ပုံမှန်အတိုင်းပြန်လည်သွားလာလျက်ရှိပြီး ဒေသခံပြည်သူများအနေဖြင့်လည်း ၎င်းတို့၏ သွားလာနေထိုင်ရေးနှင့် ကုန်သန်းရောင်းဝယ်ရေးလုပ်ငန်းများ ပုံမှန်အတိုင်း အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ပြီဖြစ်သည်။ ထို့ပြင် တည်ငြိမ်အေးချမ်းမှု၏ အကျိုးကျေးဇူးများကို ပြန်လည်ခံစားနိုင်ကြပြီဖြစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျောင်းသားလူငယ်များ၏ ပညာရေးကဏ္ဍများ စသည့်ကဏ္ဍပေါင်းစုံတွင် ပြန်လည်ဖွံ့ဖြိုး တိုးတက်လာတော့မည်ဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အပေါ် များစွာ ကျေးဇူးတင်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**







မန္တလေးမှ မြစ်ကြီးနားသို့ ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ ကုန်ပစ္စည်းများ သွားရောက်ပို့ဆောင်သည့်ယာဉ်များ မြစ်ကြီးနားမှ မန္တလေးသို့ ပြန်လည်ထွက်ခွာစဉ်။

## မယ်လမုစေတီတော်ကြီးတွင် အဝီစိရေတွင်း၊ ရေကန်နှင့် ရေစင် ရေစက်ချမင်္ဂလာအခမ်းအနား ကျင်းပ

ရန်ကုန် မေ ၁၆

ရန်ကုန်တိုင်း ဒေသကြီး မြောက်ဥက္ကလာပ မြို့နယ်၌ ဆုတောင်းပြည့် မယ်လမုစေတီတော်ကြီးခြံဝင်းအတွင်းအဝီစိရေတွင်း၊ ရေကန်နှင့် ရေစင်ပြုလုပ်လှူဒါန်းခြင်း ရေစက်ချမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက မယ်လမုစေတီတော် ဂေါပကအဖွဲ့ရုံးခန်းမ၌ ပြုလုပ်သည်။



အလှူဒါယိကာမ ဒေါ်နက်စိန်အား အမှူးထား၍ ဦးမြင့်သိန်းဇနီး ဒေါ်ခင်ငယ်မိသားစုနှင့် ညှော်ပရိတ်သတ်များက မယ်လမုစေတီတော်ဩဝါဒစရိယ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဇလွန်ပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြကာ ဆရာတော်သံဃာတော်အရှင်သူမြတ်များက ရွတ်ဖတ်ချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူခဲ့ကြပြီး အလှူရှင်မိသားစုက နဝကမ္မအလှူငွေများ ဆက်ကပ်ခဲ့ကြသည်။

အဆိုပါ ဆုတောင်းပြည့်မယ်လမုစေတီတော်အတွင်း အဝီစိရေတွင်း၊ ရေကန်နှင့် ရေစင်လှူဒါန်းသော အလှူငွေတန်ဖိုးမှာ ကျပ် ၂၇၀၀၀၀၀၀ နှင့် စုစုပေါင်းကုန်ကျငွေကျပ် ၇၅၀၀၀၀၀၀ ဖြစ်ကြောင်း ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ထံမှ သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

## ဒလမြို့နယ် ရေပေးဝေရေးစခန်း၌ ရေကောင်းရေသန့်ရရှိရေး အသိပညာပေးဆွေးနွေး

ရန်ကုန် မေ ၁၆

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်ရေပေးဝေရေးစခန်းမှ ဒလမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ရေများဖြန့်ဖြူးပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ရေကောင်း၊ ရေသန့်ရရှိရေးအတွက် အသိပညာပေးဆွေးနွေးပွဲကို အဆိုပါရေပေးဝေရေးစခန်း၌ ကျင်းပသည်။

ဦးစွာ ဒလမြို့နယ်ရေပေးဝေရေးစခန်းအတွင်းရှိ ဂါလန် ၁၀၀၀၀၀ ဆံ့ ရေစုကန်နှစ်ကန်အတွင်းသို့ ရေကောင်းရေသန့်ရရှိရေးအတွက် ဒုတိယဌာနမှူး ဒေါ်သွဲ့နိုင်ဦး အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)က အသိပညာပေးဆွေးနွေးပြောကြားသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဆွေဆွေဝင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းအောင်မြတ်နှင့် တာဝန်ရှိသူများက ကလိုရင်းဆေးခတ်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခင်စန္ဒာမြင့်(ပြန်/ဆက်)**



## ထန်းတပင်မြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်



ထန်းတပင် မေ ၁၆

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်တွင် ရက် ( ၁၀၀)စီမံချက်ဖြင့် စိုက်ပျိုးစရိတ်တိုးမြှင့်ထုတ်ချေးခြင်းနှင့် ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲကို မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ မေ ၁၂ ရက်က ကျင်းပသည်။

ဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထိုက်အောင်က အမှာစကားပြောကြားပြီး မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာက မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ စည်းကမ်းသတ်မှတ်ချက်များနှင့် သတ်မှတ်သည့်ကာလအတွင်း အကျေပြန်ဆပ်ကြရန်တို့ကိုပြောကြားသည်။

ထို့နောက် ချေးငွေပြေကျေသည့် အောင်ချမ်းသာရပ်ကွက်နှင့် သီရိဟေမာရပ်ကွက်ရှိ တောင်သူ ၆၆ ဦး၏ မိုးစပါး ၃၅၅ ဧကအတွက် ချေးငွေ ၁၀၆၅ သိန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

## ကျောင်းဖွင့်ရာသီအမီ စာသင်ကျောင်းများ သန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

ပဲခူး မေ ၁၆

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ကျောင်းဖွင့်ရာသီအမီ စာသင်ကျောင်းများ သန့်ရှင်းသာယာလှပစေရေး ယနေ့တွင် ပဲခူးမြို့ရှိ အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

ပဲခူးမြို့ အမှတ်(၁၀) အခြေခံပညာ အထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း (စာကလေးကွင်း)နှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့တွင် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်နေပြည်သူများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဥပဒေချုပ်တို့က သွားရောက်ကြည့်ရှုအားပေးကြသည်။

ကျောင်းဖွင့်ရာသီအမီ စာသင်ကျောင်းများ သန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ယနေ့တွင် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်၌ တစ်ပြိုင်တည်း ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)





## ကချင်ပြည်နယ်ဝန်ကြီးချုပ် အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

မြစ်ကြီးနား မေ ၁၆

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် သည် ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး ကျောင်းလိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် နန်းကွေ့ကျေးရွာအုပ်စု ပြည်ထောင်ကျေးရွာအနီး ကြက်မွေးမြူရေးခြံ၌ အသားတိုးကြက်ကောင်ရေ ခြောက်သောင်းကျော်မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးအထောက်အကူပြု ဆေးဝါးနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်အတွင်းရှိ ဝိုင်းမော်၊ ချီဖွေ၊ ဆော့လော်မြို့နယ်များမှ နယ်မြေအခြေအနေအရ လာရောက်ခိုလှုံနေထိုင်လျက်ရှိသော အိမ်ထောင်စု ၁၄၆ စုအတွက် ဆန်အိတ် ၁၄၆ အိတ်ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## မကွေးမြို့၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲ ကျင်းပ



မကွေး မေ ၁၆

ပြည်ထောင်စု အစိုးရအဖွဲ့၏ ရက်(၁၀၀)အတွင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မကွေးတိုင်းဒေသကြီး မကွေးခရိုင်ဘဏ်ခွဲက မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က မကွေးမြို့ မြို့နယ်စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစန်းလွင်က အမှာစကားပြောကြားပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဒုတိယ တိုင်းဒေသကြီး မန်နေဂျာက စိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ထုတ်ချေးပေးမှုဆိုင်ရာ စည်းကမ်းချက်များနှင့် မြန်မာ့အာမခံလုပ်ငန်း တိုင်းဒေသကြီးတာဝန်ခံက သီးနှံအာမခံထားရှိခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးနှင့် တာဝန်ရှိသူများက တက်ရောက်လာသည့် ဘဏ်အဖွဲ့ဝင် တောင်သူများထံသို့ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို လက်ဝယ်အရောက်ပေးအပ်ခဲ့သည်။

မကွေးတိုင်းဒေသကြီးအတွင်း ဘဏ်အဖွဲ့ဝင် တောင်သူများသို့ သန်း ၁၃၆၄၉၆ ဒသမ ၃၅၀ ထုတ်ချေးရန်လျာထားလျက်ရှိပြီး စိုက်ပျိုးစရိတ်ချေးငွေ သာမက တောင်သူများ၏ လယ်ယာလုပ်ငန်းခွင်အတွက် လယ်ယာသုံးစက်ကိရိယာချေးငွေများကိုလည်း ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)



## မင်္ဂလာဒုံမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် မေ ၁၆

ရန်ကုန်တိုင်းဒေကြီး မင်္ဂလာဒုံမြို့နယ်၌ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို မေ ၁၃ ရက်က ရွှေနံ့သာစံပြကျေးရွာခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ကညနရုံး(ရွာသာကြီး)မှ ဦးထက်မြတ်စိုး(စစ်ဆေးရေးမှူး-၃)နှင့် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC) တွဲဖက်အတွင်းရေးမှူး ဦးလျှန်ကျင့်မန်တို့က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ဆိုင်ရာ သိကောင်းစရာများနှင့်ပတ်သက်၍ ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးပြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## ရေးမြို့နယ်၌ မှူခင်းကြိုတင်ကာကွယ်ရေးနှင့် မှူခင်းပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေ

ရေး မေ ၁၆

မွန်ပြည်နယ် ရေးမြို့နယ်၌ ရေးမြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် အောင်မင်္ဂလာရပ်ကွက် အောင်သီတာဈေးနှင့် လူစည်ကားရာ လမ်းဆုံ/လမ်းခွတို့၌ မှူခင်းကြိုတင်ကာကွယ်ရေးနှင့် မှူခင်းပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

### လက်ကမ်းစာစောင်များဖြန့်ဝေ

မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဉာဏ်ထွန်း ဦးဆောင်မှုဖြင့် တပ်ဖွဲ့ဝင်များက မှူခင်းကြိုတင်ကာကွယ်ရေးနှင့် မှူခင်းပညာပေး လက်ကမ်းစာစောင် ၅၀၀ အား ပြည်သူများသို့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ရှင်းသန့်ဖြူ





## ပွင့်ဖြူမြို့နယ်၌ မွမ်းမံစက်ချုပ်နည်းပညာသင်တန်းဖွင့်

ပွင့်ဖြူ မေ ၁၆

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ အခြေခံနှင့် မွမ်းမံ စက်ချုပ်နည်းပညာ သင်တန်းဖွင့်ပွဲကို မေ ၁၅ ရက်က ပွင့်ဖြူမြို့နယ် ဘိုကုန်းကျေးရွာ၌ ကျင်းပသည်။

ဦးစွာ မင်းဘူးခရိုင် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်စိုးစိုးစံက အမှာစကားပြောကြားပြီး သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

### သင်ကြားပို့ချ

ထို့နောက် မင်းဘူးခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများက သင်တန်းနည်းပြများနှင့်အတူ တက်ရောက်လာသည့် သင်တန်းသား သင်တန်းသူများအား အမျိုးသမီးဝတ်၊ အမျိုးသားဝတ်နှင့် ကလေးဝတ် အထည်မျိုးမျိုး စက်ချုပ်နည်းပညာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြသည်။

အဆိုပါ အခြေခံစက်ချုပ်သင်တန်းကို မေ ၁၅ ရက်မှ ဇွန် ၁၃ ရက်အထိ၊ မွမ်းမံစက်ချုပ်နည်းပညာသင်တန်းကို ဇွန် ၁၉ ရက်မှ ဇူလိုင် ၃ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက သင်တန်းသား ငါးဦးအား စိစစ်ရွေးချယ်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံး ပစ္စည်းများ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# ရုရှားသမ္မတ ဗလာဒီမာပူတင် မေ ၁၉ ရက်တွင် တရုတ်နိုင်ငံသို့ အလည်အပတ်ခရီးသွားမည်



ယခု ခရီးစဉ်မှတစ်ဆင့် တရုတ်နိုင်ငံနှင့် စီးပွားရေးဆက်ဆံရေး ပိုမိုခိုင်မာစေရန် ပူတင်က ရည်မှန်းထားကြောင်း လေ့လာသူများက သုံးသပ်ပြောကြားသည်။ **ကိုးကား - အင်န်အိတ်ချ်ကေ ဘာသာပြန် - အောင်ကျော်ကျော်**

**မော်စကို မေ ၁၆**

ရုရှားသမ္မတ ဗလာဒီမာပူတင်က မေ ၁၉ ရက်တွင် တရုတ်နိုင်ငံသို့ နှစ်ရက်ကြာ အလည်အပတ်ခရီး သွားရောက်ကာ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံမည်ဖြစ်ကြောင်း ရုရှားသမ္မတရုံးက ယနေ့ သတင်းတစ်ရပ် ထုတ်ပြန်ခဲ့သည်။

ခေါင်းဆောင်နှစ်ဦးက ယူကရိန်းနှင့် အီရန်အရေးကိစ္စရပ်များကို ဆွေးနွေးမည်ဟု မျှော်လင့်ရသည်။

ယခုသီတင်းပတ်အတွင်း သမ္မတ ရှီနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့အကြား ထိပ်သီးဆွေးနွေးပွဲပြီးနောက် ရုရှားသမ္မတ ပူတင်၏ တရုတ်ခရီးစဉ် ထွက်ပေါ်လာခြင်း ဖြစ်သည်။

သမ္မတ ပူတင်၏ ခရီးစဉ်သည် ရုရှားနှင့် တရုတ်အကြား ကောင်းမွန်သော အိမ်နီးချင်းကောင်း ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် (၂၅) နှစ်မြောက် နှစ်ပတ်လည်နေ့နှင့် တိုက်ဆိုင်နေသည်။

ခေါင်းဆောင်နှစ်ဦးက လက်ရှိ နှစ်နိုင်ငံအရေး ကိစ္စရပ်များအပါအဝင် နိုင်ငံတကာနှင့် ဒေသတွင်းဆိုင်ရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ကြမည်ဖြစ်ကြောင်း ရုရှားသမ္မတရုံး၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**တွေ့ဆုံမည်ဖြစ်**

ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အလားအလာများကို ဆွေးနွေးရန်အတွက် သမ္မတ ပူတင်က တရုတ်ဝန်ကြီးချုပ် လီချန်းနှင့်လည်း တွေ့ဆုံမည်ဖြစ်ကြောင်း ရုရှားသမ္မတရုံးက ပြောကြားခဲ့သည်။

# ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ အီဘိုလာဗိုင်းရပ်စ်အသစ်တစ်မျိုး ကူးစက်ဖြစ်ပွားလျက်ရှိ




**ကင်ရှာဆာ မေ ၁၆**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတ နိုင်ငံ၌ အီဘိုလာဗိုင်းရပ်စ်အသစ်တစ်မျိုး ကူးစက်ဖြစ်ပွားလျက်ရှိကြောင်း အာဖရိကသမဂ္ဂမှ ကျန်းမာရေးအာဏာပိုင်များက ယမန်နေ့တွင် အတည်ပြုခဲ့သည်။

ကွန်ဂိုဒီမိုကရက်တစ်သမ္မတ နိုင်ငံ အီတူရီပြည်နယ်တွင် အီဘိုလာရောဂါ ကူးစက်ခံရပြီး ၆၅ ဦး သေဆုံးခဲ့ကြောင်း ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာများက ယမန်နေ့တွင် ပြောကြားခဲ့သည်။

အဆိုပါပြည်နယ်သည် အရေးကြီးသော ဓာတ်သတ္တုမိုင်းများ စုစည်းရာ ဒေသအနီးတွင်ရှိပြီး အစိုးရဆန့်ကျင်ရေး တပ်ဖွဲ့များက ထိန်းချုပ်ထားသည်။

သတ္တုတွင်းနှင့် ဆက်နွယ်သော ရွှေ့လျားသွားလာမှုနှင့် ဘေးသင့်ဒေသများတွင် မလုံခြုံမှုကြောင့် ရောဂါကူးစက် ထပ်မံပြန့်ပွားနိုင်ခြေ မြင့်တက်လာမည်ကို စိုးရိမ်လျက်ရှိသည်။

တောင်ဆူဒန်နှင့် ယူဂန်ဒါနိုင်ငံတို့မှ အာဏာပိုင်များနှင့် ပူးပေါင်းကာ ကူးစက်ပြန့်ပွားမှုကို တတ်နိုင်သမျှ မြန်မြန်ဆန်ဆန် ထိန်းချုပ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း အာဖရိကသမဂ္ဂမှ ကျန်းမာရေးအာဏာပိုင်များက ပြောကြားခဲ့သည်။

ကွန်ဂိုဒီမိုကရက်တစ်သမ္မတ နိုင်ငံ၌ အီဘိုလာရောဂါမကြာခဏ ဖြစ်ပွားလျက်ရှိသည်။

၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ဖြစ်ပွားခဲ့သော အီဘိုလာ ကူးစက်ရောဂါကြောင့် လူပေါင်း ၂၀၀၀ ကျော် သေဆုံးခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ ဘာသာပြန် - အောင်ကျော်ကျော်**

# အစ္စရေးနှင့် လက်ဘနွန်တို့ နှစ်နိုင်ငံအကြား ၄၅ ရက်ကြာ အပစ်အခတ်ရပ်စဲရေး သက်တမ်းတိုးရန် သဘောတူညီ

**ဂျေရုဆလင် မေ ၁၆**

အစ္စရေးနှင့် လက်ဘနွန် နှစ်နိုင်ငံအကြား ၄၅ ရက်ကြာ အပစ်အခတ်ရပ်စဲရေး သက်တမ်းတိုးရန် သဘောတူညီခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနက ယနေ့ ပြောကြားခဲ့သည်။

အပစ်အခတ်ရပ်စဲရေး သဘောတူညီထားသော်လည်း အစ္စရေးတပ်ဖွဲ့များနှင့် အီရန်ကျောထောက်နောက်ခံပြု ဟစ်ဇ်ဘိုလာတို့အကြား တိုက်ခိုက်မှုများသည် လက်ဘနွန်နိုင်ငံအတွင်း၌ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ အမေရိကန်ပြည်ထောင်စုက အစ္စရေးနှင့် လက်ဘနွန်တို့အကြား အကျိုးဖြစ်ထွန်းစေသော ဆွေးနွေးပွဲများကို မေ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် နှစ်ရက်ကြာ ကျင်းပခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ တိုမီပီဂေါ့က ပြောကြားခဲ့သည်။

ဆွေးနွေးပွဲရလဒ်များအရ ဧပြီ ၁၆ ရက်တွင် ရရှိခဲ့သည့် ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲရေးသဘောတူညီမှုကို မေ ၁၆ ရက်မှစပြီး ၄၅ ရက် သက်တမ်းတိုးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ စေ့စပ်ညှိနှိုင်းမှုများကို ဇွန် ၂ ရက်နှင့် ၃ ရက်တို့တွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း တိုမီပီဂေါ့က ဆက်လက်ပြောကြားခဲ့သည်။

အလားတူ လုံခြုံရေးဆိုင်ရာ ဆွေးနွေးပွဲများကို မေ ၂၉ ရက်တွင် ပင်တဂွန်စစ်ဌာနချုပ်တွင် ပြုလုပ်မည်ဖြစ်ပြီး နှစ်နိုင်ငံစလုံးမှ စစ်ဘက်ကိုယ်စားလှယ်အဖွဲ့များ ပါဝင်မည်ဖြစ်သည်။ အီရန်နိုင်ငံက အမေရိကန်သို့ တင်သွင်းခဲ့သည့် အဆိုပြုချက်တွင် လက်ဘနွန်နိုင်ငံအတွင်း အစ္စရေးနှင့် ဖြစ်ပွားလျက်ရှိသည့် တိုက်ပွဲများ အဆုံးသတ်ရန် ပါဝင်ကြောင်း သိရသည်။ **ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၅-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၅၆၅ | ၄၇၅၅ | ၄၆၉၀ | ၄၅၈၀ | ၄၇၅၅ | ၄၇၆၅ | ၄၈၁၅ | ၄၆၆၀ | ၄၈၁၅ | ၅၁၃၅ | ၄၆၈၅ | ၄၈၆၀ | ၄၇၉၀ | ၄၇၄၀ | ၄၇၄၅ | ၄၉၅၅ |
| 95 Ron | ၄၆၄၅ | ၄၈၃၅ | ၄၇၇၅ | ၄၆၆၅ | ၄၈၃၅ | ၄၈၅၀ | ၄၉၀၀ | ၄၇၄၅ | ၄၉၀၀ | ၅၂၁၅ | ၄၇၆၅ | ၄၉၆၅ | ၄၈၇၀ | ၄၈၂၅ | ၄၈၂၅ | ၅၀၃၅ |
| HSD (500 ppm) | ၄၈၂၀ | ၅၀၀၀ | ၄၉၄၀ | ၄၈၃၅ | ၅၀၀၀ | ၅၀၁၀ | ၅၀၆၀ | ၄၉၁၀ | - | ၅၃၆၅ | ၄၉၃၅ | ၅၄၀၅ | ၅၀၃၅ | ၄၉၉၀ | ၄၉၉၀ | ၅၁၉၀ |
| HSD (50 ppm) | ၅၈၁၅ | ၆၀၀၅ | ၅၉၄၅ | ၅၈၃၅ | ၆၀၀၅ | ၆၀၂၀ | ၆၀၇၀ | ၅၉၁၅ | ၆၀၇၀ | ၆၃၈၅ | ၅၉၃၅ | ၆၀၉၅ | ၆၀၄၀ | ၅၉၉၅ | ၅၉၉၅ | ၆၂၀၅ |
| HSD (10 ppm) | ၅၈၁၅ | ၆၀၀၅ | ၅၉၄၅ | ၅၈၃၅ | ၆၀၀၅ | ၆၀၂၀ | ၆၀၇၀ | ၅၉၁၅ |  | ၆၃၈၅ | ၅၉၃၅ | ၆၀၉၅ | ၆၀၄၀ | ၅၉၉၅ | ၅၉၉၅ | ၆၂၀၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၁၃၀ | ၄၄၅၀ |
| 95 Ron | ၄၄၁၀ | ၄၅၃၂ |
| HSD (500 ppm) | ၄၅၉၀ | ၄၇၁၃ |
| HSD (50 ppm) | ၅၅၄၃ | ၅၆၀၃ |
| HSD (10 ppm) | ၅၅၄၃ | ၅၆၀၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



# ကြာအင်းဆိပ်ကြီးမြို့၌ ကျောင်းနေအရွယ်ကလေးများ စာရင်းကောက်ယူလျက်ရှိ

**ကြာအင်းဆိပ်ကြီး မေ ၁၆**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့၌ KG+9 အဆင့်ထိ ပညာသင်ကြားနိုင်ရေးအတွက် အသက်(၅)နှစ်ပြည့်မည့် ကျောင်းနေအရွယ်ကလေးများစာရင်းကို ယနေ့နံနက်ပိုင်းမှစတင်ကာ မြို့ပေါ်(၆)ရပ်ကွက်အတွင်း ရပ်ကွက်အလိုက် တစ်အိမ်တက်ဆင်း၍ ပညာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများက စာရင်းကောက်ယူလျက်ရှိသည်။

ထိုသို့ စာရင်းကောက်ယူမှုကို ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## မြစ်ကြီးနားသင်တန်းစခန်းရှိ အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀) သင်တန်းသား သင်တန်းသူများ နေပြည်တော်သို့ လေ့လာရေးခရီးထွက်ခွာ

**နေပြည်တော် မေ ၁၆**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြစ်ကြီးနား သင်တန်းစခန်းရှိ အခြေခံ လေကြောင်းလူငယ် သင်တန်း အမှတ်စဉ်(၁၀)မှ သင်တန်းသား သင်တန်းသူများသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ လေ့လာရေးခရီး သွားရောက်ရန်အတွက် မြစ်ကြီးနား လေဆိပ်မှ ထွက်ခွာကြသည်။

**ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်**

အဆိုပါ လေ့လာရေးခရီးသွားရောက်ကြမည့် သင်တန်းသား သင်တန်းသူများအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး လေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပုသိမ်သင်တန်းစခန်းရှိ အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)မှ သင်တန်းသား သင်တန်းသူများ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းသမိုင်းပြခန်းသို့ လာရောက်လေ့လာ

**နေပြည်တော် မေ ၁၆**

ဧရာဝတီ တိုင်းဒေသကြီး အတွင်းရှိကျောင်းသားလူငယ်များ နွေရာသီ ကျောင်းပိတ်ရက်ကာလ အတွင်း အခြေခံလေကြောင်း ဆိုင်ရာပညာရပ်များကို စိတ်ပါဝင်စားပြီး ကျွမ်းကျင်တတ်မြောက်စေရန်၊ ခေတ်မီနိုင်ငံတော် တည်ဆောက်ရေးတွင် လေယာဉ်ပျံသန်းမှုဆိုင်ရာ ပညာရပ်များကို နားလည်သိရှိစေရန်၊ စိတ်ဓာတ်၊ စည်းကမ်း၊ ကိုယ်လက်ကြံ့ခိုင်မှုနှင့် စည်းလုံးညီညွတ်မှုရှိစေရန် ရည်ရွယ်၍ အခြေခံလေကြောင်း လူငယ်သင်တန်း အမှတ်စဉ်(၁၀)ကို ဧပြီ ၂၇ ရက်မှစတင်၍ ပုသိမ်မြို့ရှိ ပုသိမ်သင်တန်းစခန်း၌ လေကျင့် သင်ကြားပေးလျက်ရှိသည်။

အဆိုပါသင်တန်း၌ တက်ရောက်သင်ကြားလေ့ကျင့်လျက်ရှိသည့် သင်တန်းသား သင်တန်းသူများသည် အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းသမိုင်းပြခန်းသို့ မေ ၁၅ ရက် မွန်းလွဲပိုင်းတွင် သွားရောက် လေ့လာခဲ့ကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသပေးသည်။

**ကြည့်ရှုအားပေး**

အဆိုပါလေ့လာရေးလာရောက်ကြသည့် အခြေခံလေကြောင်း လူငယ်သင်တန်း အမှတ်စဉ်(၁၀)မှ သင်တန်းသား သင်တန်းသူများအား အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။



**သတင်းစဉ်**

## ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းတို့မှ သင်တန်းသား သင်တန်းသူများ စခန်းပေါင်းစုံတွေ့ဆုံပွဲနှင့် စွမ်းရည်ပြိုင်ပွဲများ ပြုလုပ်



**နေပြည်တော် မေ ၁၆**

တပ်မတော်(ရေ)က ၂၀၁၆ ခုနှစ် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၁၆) စခန်းပေါင်းစုံမှ သင်တန်းသား သင်တန်းသူ ၈၀၀ တို့သည် ရန်ကုန်မြို့ရှိ နယ်မြေခံရေတပ်စခန်းဌာနချုပ်၌ စခန်းပေါင်းစုံတွေ့ဆုံပွဲ ပြုလုပ်ကြသည်။

ထို့နောက် စခန်းပေါင်းစုံမှ သင်တန်းသား သင်တန်းသူများ၏ စခန်းပေါင်းစုံပြိုင်ပွဲများကို နယ်မြေခံရေတပ်စခန်းဌာနချုပ် သီဟသူရထွန်းတင်ခန်းမ၊ စစ်ရေးပြကွင်းနှင့် အမှတ်(၄) ရေတပ်ဗောတံတားတို့၌ပြုလုပ်ရာ တပ်မတော်အရာရှိကြီးများ၊ သင်တန်းသား သင်တန်းသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းအုပ်ချုပ်သူများ တက်ရောက်ကြသည်။

ပြိုင်ပွဲတွင် နေပြည်တော်စခန်းတန်းခွဲ(၁)၊ နေပြည်တော်စခန်းတန်းခွဲ(၂)၊ ပုသိမ်စခန်း၊ ဟိုင်းကြီးစခန်း၊ အင်းယားစခန်း၊ ကိုကိုးကျွန်းစခန်း၊ မန္တလေးစခန်း၊ မော်လမြိုင်စခန်း၊ ဟိန်းဇဲစခန်း၊ မြိတ်စခန်း၊ ကျွန်းစုစခန်း၊ ဘားအံစခန်းနှင့် ကျိုင်းတုံစခန်းတို့မှ သင်တန်းသား သင်တန်းသူများက သင်တန်းအလိုက် စစ်ရေးပြပြိုင်ပွဲများ၊ ရေတပ်သားဘာသာရပ်ဆိုင်ရာ ရေး/ဖြေစာမေးပွဲ၊ ကြိုးချည်ကြိုးထိုး လက်တွေ့ပြိုင်ပွဲ၊ ရေတိုင်းခြင်းလက်တွေ့ပြိုင်ပွဲနှင့် ပွဲစင်တပ်ဖွဲ့တာဝန်ဖွဲ့စည်းဆောင်ရွက်မှု လက်တွေ့ပြိုင်ပွဲများကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၉) သင်တန်းများမှ သင်တန်းသားများ နေပြည်တော်ကောင်စီနယ်မြေသို့ ရောက်ရှိ

**နေပြည်တော် မေ ၁၆**

အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၉) သင်တန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သင်တန်းစခန်း ၂၀ တွင် စုစုပေါင်းသင်တန်းသား ၁၀၄၄ ဦးဖြင့် ဧပြီ ၂၇ ရက်မှစတင်၍ သင်ကြားပို့ချလျက်ရှိသည်။

မိတ္ထီလာမြို့ရှိ မြန်မာပြည်မြောက်ပိုင်းသင်တန်းစခန်းမှ တန်းမြင့်လေကြောင်း လူငယ်သင်တန်းသား ၅၃ဦး၊ မိတ္ထီလာသင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ၅၀၊ မှော်ဘီမြို့ရှိ မြန်မာပြည်တောင်ပိုင်းသင်တန်းစခန်းမှ တန်းမြင့်လေကြောင်းလူငယ်သင်တန်းသား ၆၃ ဦး၊ ပြည်မြို့ရှိ ပြည်သင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ၅၄ ဦး၊ ရန်ကုန်မြို့ရှိ ရန်ကုန်သင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ၅၀၊ မော်လမြိုင်မြို့ရှိ မော်လမြိုင်သင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ၅၀၊ မြစ်ကြီးနားမြို့ရှိ မြစ်ကြီးနားသင်တန်းစခန်းမှ



အခြေခံလေကြောင်းလူငယ် သင်တန်းသား ၆၀၊ နမ့်စန်မြို့ရှိ နမ့်စန်သင်တန်းစခန်းမှ အခြေခံလေကြောင်း လူငယ်သင်တန်းသား ၅၀၊ တောင်ကြီးမြို့ရှိတောင်ကြီးသင်တန်းစခန်းမှ အခြေခံလေကြောင်း လူငယ်သင်တန်းသား ၆၀၊ တောင်ငူမြို့ရှိ တောင်ငူသင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ် သင်တန်းသား ၆၀၊ လွိုင်ကော်မြို့ရှိ လွိုင်ကော်သင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ် သင်တန်းသား ၅၅ ဦး၊ မြိတ်မြို့ရှိ မြိတ်သင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ၅၁ ဦး၊ မကွေးမြို့ရှိ မကွေးသင်တန်းစခန်းမှ အခြေခံလေကြောင်း လူငယ်သင်တန်းသား ၅၀၊ မုံရွာမြို့ရှိ မုံရွာသင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ် သင်တန်းသား ၅၀၊ ဟုမ္မလင်းမြို့ရှိ ဟုမ္မလင်း သင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ် သင်တန်းသား ၅၀၊ ပုသိမ်မြို့ရှိ ပုသိမ်သင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ၅၃ ဦး၊ နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော် သင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ် သင်တန်းသား ၆၅ ဦး၊ ကျိုင်းတုံမြို့ရှိ ကျိုင်းတုံ သင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ် သင်တန်းသား ၅၀၊ မန္တလေးမြို့ရှိ မန္တလေးသင်တန်း စခန်းမှ အခြေခံလေကြောင်းလူငယ် သင်တန်းသား ၅၀၊ ကိုကိုးကျွန်းမြို့ရှိ ကိုကိုးကျွန်းသင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ၂၀ နှင့် အုပ်ချုပ်သူ/နည်းပြများသည် လေယာဉ်/ ရဟတ်ယာဉ် လိုက်ပါပျံသန်းရန်၊ ပြိုင်ပွဲများကျင်းပရန်၊ လေ့လာရေးခရီးစဉ်များ ဆောင်ရွက်ရန်နှင့် စုပေါင်းသင်တန်းဆင်းပွဲအခမ်းအနားကျင်းပရန်အတွက် နေပြည်တော်ကောင်စီနယ်မြေသို့ ယနေ့တွင် တပ်မတော်လေယာဉ်များ၊ တပ်မတော်မော်တော်ယာဉ်များဖြင့် စုံလင်စွာရောက်ရှိကြပြီး သက်ဆိုင်ရာတာဝန်ရှိသူများက လိုက်ပါပို့ဆောင်ခြင်းနှင့် ကြိုဆိုနှုတ်ဆက်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**


# ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် မိုင်းရှူး-မိုင်းစံဒေသ သံလွင်မြစ်အနီး၌ တရားမဝင် တရုတ်နိုင်ငံသား ၁၈ ဦး ဖမ်းဆီးရမိမှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်သည့် လုပ်ငန်းသုံးပစ္စည်းများနှင့် အဆောက်အအုံများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၆**

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်း လောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှု လုပ်ငန်းလုပ်ကိုင်မှုများကို ထိရောက်စွာ ဖော်ထုတ်အရေးယူ ဆောင်ရွက်နေသည့်အပြင် နိုင်ငံတကာနှင့် ပူးပေါင်း၍လည်း အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို ပြတ်ပြတ်သားသား ကိုင်တွယ် အရေးယူဆောင်ရွက်လျက်ရှိရာ မေ ၁၅ ရက်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးမြို့နယ် လွယ်ဆောင်ထောက် ကျေးရွာဝန်းကျင် သံလွင်မြစ်အနီး၌ တရားမဝင် တရုတ်နိုင်ငံသား ၁၈ ဦးနှင့် မိုင်းရှူးမြို့နယ် ဟိုပုံကျေးရွာအနီး သံလွင်မြစ်အနောက်ဘက်ကမ်းဘေး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်သည့်လုပ်ငန်းသုံးပစ္စည်းများ၊ အဆောက်အအုံများကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းရှူးမြို့နယ်အတွင်းရှိ မိုင်းရှူး-မိုင်းစံဒေသ သံလွင်မြစ် အနောက်ဘက်ကမ်းတစ်လျှောက်၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်မှု မရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်ရာ မေ ၁၅ ရက် နံနက် ၉ နာရီ မိနစ် ၃၀ ခန့်တွင် မိုင်းရှူးမြို့၏ အရှေ့တောင်ဘက် ၂၆ ကီလိုမီတာခန့်အကွာ၊ လွယ်ဆောင်ထောက်ကျေးရွာ၏ အရှေ့တောင်ဘက် ၁၁ ကီလိုမီတာခန့် သံလွင်မြစ်အနီး၌ တရားမဝင် ဝင်ရောက်နေထိုင်သည့် တရုတ်နိုင်ငံသား အမျိုးသား ၁၈ ဦးအား ဖမ်းဆီးရမိခဲ့သည်။

အလားတူ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့တစ်ဖွဲ့သည် သံလွင်မြစ်ကမ်းတစ်လျှောက်၌ ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နံနက် ၁၁ နာရီခန့်တွင် မိုင်းစံမြို့၏ အရှေ့ဘက် ၂၆ ကီလိုမီတာခန့်အကွာ၊ ဟိုပုံရွာ၏ အရှေ့ဘက် ၉ ကီလိုမီတာခန့်အကွာ သံလွင်မြစ်အနောက်ဘက်ကမ်းဘေး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ လုပ်ဆောင်ရာတွင် အသုံးပြုသည့် ဖျက်ဆီးထားသော အလျား ပေ ၁၀၀၊ အနံ ပေ ၃၀ ရှိ အိပ်စင်ပါ လူနေဆောင် နှစ်လုံး၊ အလျား ပေ ၁၀၀၊ အနံ ပေ ၃၀ ရှိလုပ်ငန်းသုံးတဲ တစ်လုံး၊ အလျား ၁၀ ပေ၊ အနံ ၁၀ ပေရှိ ဝါးတဲ အလုံး ၃၀၊ အလျား ၁၀ ပေ၊ အနံ ၁၀ ပေရှိ စားချက်ဆောင် တစ်လုံးတို့အား ထပ်မံတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။



ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် သံလွင်မြစ်အနီး၌ တရားမဝင် တရုတ်နိုင်ငံသား ၁၈ ဦးနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများလုပ်ကိုင်သည့် လုပ်ငန်းသုံးပစ္စည်းများနှင့် အဆောက်အအုံများ သိမ်းဆည်းရမိမှု နေရာပြပုံ။


မိုင်းရှူးမြို့နယ် လွယ်ဆောင်ထောက်ကျေးရွာဝန်းကျင် သံလွင်မြစ်အနီး၌ ဖမ်းဆီးရမိသည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၁၈ ဦးအား တွေ့ရစဉ်။

အဆိုပါ ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိပြီး တရားဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူနိုင်ရေး လိုအပ်သည်များ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်းနှင့် နောက်ကွယ်မှ ပါဝင်ပတ်သက်သူများကိုလည်း စိစစ်ဖော်ထုတ်ကာ ဥပဒေနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်း အင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများအနေဖြင့်လည်း မိမိတို့ဒေသအတွင်း အွန်လိုင်း လောင်းကစားနှင့် ငွေကြေးလိမ်လည်မှု လုပ်ငန်းများအပါအဝင် အခြားဒုစရိုက်လုပ်ငန်းများ မရှိစေရေး ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်း၊ အရေးယူဆောင်ရွက်ခြင်းများကို ပြတ်ပြတ်သားသား ကိုင်တွယ် ဆောင်ရွက်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့များက တင်းတင်းကျပ်ကျပ် စိစစ်ရှာဖွေဖော်ထုတ်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ပြည်သူများ အနေဖြင့်လည်း မိမိတို့ပတ်ဝန်းကျင်တွင် အဆိုပါ ဒုစရိုက်လုပ်ငန်းများ လုပ်ဆောင်နေသည့်သတင်းများ ရရှိပါက အချိန်နှင့်တစ်ပြေးညီ ပေးပို့ခြင်းဖြင့် နိုင်ငံ့ကောင်းကျိုး သယ်ပိုးကြရန် လိုအပ်ကြောင်း ထုတ်ပြန်ထားသည်။

**သတင်းစဉ်**


မိုင်းရှူးမြို့နယ် မိုင်းစံမြို့အရှေ့ဘက် ဟိုပုံရွာအနီး သံလွင်မြစ်အနောက်ဘက်ကမ်းဘေး၌ သိမ်းဆည်းရမိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်သည့် အဆောက်အအုံများအား တွေ့ရစဉ်။


မိုင်းရှူးမြို့နယ် မိုင်းစံမြို့အရှေ့ဘက် ဟိုပုံရွာအနီး သံလွင်မြစ်အနောက်ဘက်ကမ်းဘေး၌ သိမ်းဆည်းရမိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်သည့် လူနေတဲများအား တွေ့ရစဉ်။


မိုင်းရှူးမြို့နယ် မိုင်းစံမြို့အရှေ့ဘက် ဟိုပုံရွာအနီး သံလွင်မြစ်အနောက်ဘက်ကမ်းဘေး၌ သိမ်းဆည်းရမိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်သည့် လူနေတဲများနှင့် ထမင်းချက်တဲအား တွေ့ရစဉ်။

# အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိ အီသီယိုးပီးယားနိုင်ငံသား သုံးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့

**နေပြည်တော် မေ ၁၆**

နိုင်ငံတော် အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်း လောင်းကစားမှု၊ အွန်လိုင်း လိမ်လည်မှုအပါအဝင် ဒုစရိုက်မှု လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေး ဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်း ပေးအပ်လျက်ရှိသည်။



ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံ ဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင် လမ်းကြောင်းမှ တစ်ဆင့် ဝင်ရောက်နေခဲ့သည့် အီသီယိုးပီးယားနိုင်ငံသား သုံးဦး ထပ်မံဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်း ပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် မေ ၁၆ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၆၅၇ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၄၂၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်း ပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၃၅ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး(လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၆၆ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၆၉ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက် နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် နမ့်စန်ခရိုင်တွင် မိုးသီးနှံအတွက် မျိုးစေ့နှင့် မြေဩဇာပေးအပ်

**နမ့်စန် မေ ၁၆**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ယနေ့နံနက်ပိုင်းတွင် နမ့်စန်ခရိုင် မြို့နယ်ခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပွဲသို့ တက်ရောက်ပြီး ဒေသဖွံ့ဖြိုးရေးအတွက် တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နမ့်စန်မြို့နယ် ဝမ်ပုံကျေးရွာတွင် ဆိုင်ခမ်းနော် အသားတိုးဝက်မွေးမြူရေးခြံကို ကြည့်ရှုစစ်ဆေးပြီး နမ့်စန်ကျေးရွာအုပ်စုတွင် မိုးသီးနှံအတွက် မျိုးစေ့နှင့် မြေဩဇာပေးအပ်ခြင်းနှင့် ပဲပုပ်သီးနှံ စံပြကွက် ကွင်းသရုပ်ပြပွဲသို့ တက်ရောက်ပြီး တောင်သူများအား မျိုးစေ့၊ မြေဩဇာများပေးအပ်၍ မျိုးစေ့များနှင့် ပဲပုပ်စိုက်ခင်း ငါးဧကကို ကြည့်ရှုအားပေးသည်။

ယင်းနောက် လွိုင်လင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး လွိုင်လင်ခရိုင်သာသနာ့ ဗိမာန်ဓမ္မာရုံ၌ ပြည်ထောင်စုအစိုးရအဖွဲ့၏ ရက်ပေါင်း (၁၀၀)အတွင်း ဆောင်ရွက်မည့် ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲသို့ တက်ရောက်၍ တောင်သူများအား ချေးငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



# ဖျာပုံမြို့နယ်၌ အခြေခံစက်ချုပ်နည်းပညာသင်တန်းဖွင့်

**ဖျာပုံ မေ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကျုံတာကျေးရွာအုပ်စု ကျုံဖဲကျေးရွာတွင် ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော အခြေခံစက်ချုပ် နည်းပညာသင်တန်းဖွင့်ပွဲကို မေ ၁၃ ရက်က အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ဖျာပုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စိုးစိုးရီက



အမှာစကားပြောကြားပြီး ဖျာပုံခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လတ်လတ်ဝင်းက အခြေခံ စက်ချုပ်နည်းပညာသင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

**သင်ကြားပို့ချ**

ထို့နောက် သင်တန်းသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ သင်တန်းသူများက လက်ခံရယူကြသည်။ အဆိုပါ အခြေခံစက်ချုပ်နည်းပညာသင်တန်းကို ကျုံဖဲကျေးရွာ၌ သင်တန်းသူ ၁၆ ဦးအား ဇွန် ၃ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်ပြီး မွမ်းမံစက်ချုပ်နည်းပညာသင်တန်းကို ဇွန် ၁၂ ရက်တွင် ဆက်လက်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# အောင်မြေသာစံမြို့နယ်၌ အခွန်ဆိုင်ရာသိကောင်းစရာ ဟောပြော

**မန္တလေး မေ ၁၆**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၌ အခွန်ဆိုင်ရာသိကောင်းစရာ ရှင်းလင်းဟောပြောပွဲကို မေ ၁၄ ရက်က မန္တလေးမြို့ နိုင်ငံခြားဘာသာတက္ကသိုလ်၌ ကျင်းပသည်။

ဦးစွာမန္တလေးမြို့နိုင်ငံခြားဘာသာတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာတင့်တင့်က အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ဦးတက်ထွန်းအောင်က အခွန်ဆိုင်ရာသိမှတ်ဖွယ်ရာများကို ပြောကြားသည်။ ထို့နောက် အောင်မြေသာစံမြို့နယ် အခွန်ဦးစီးဌာနမှူး ဒေါ်မေစံပယ်ဖြူအောင်က အခွန်ဆိုင်ရာသိကောင်းစရာများနှင့် ဝင်ငွေခွန်ပေးဆောင်ခြင်းဆိုင်ရာ သိရှိရန်အချက်များကို ရှင်းလင်းဟောပြောပြီး အခွန်ဆိုင်ရာသိကောင်းစရာ လက်ကမ်းစာစောင်များဝေငှကာ တာဝန်ရှိသူများသို့ ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ စာအုပ်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မအူပင်မြို့၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်

**မအူပင် မေ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)စီမံချက်အရ ဆောင်ရွက်သည့် ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေပေးအပ်ပွဲကို မေ ၁၂ ရက်က အမှတ် (၄)ရပ်ကွက် ကမ်းနားလမ်းရှိ တိုးရွှေဝါခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တာဝန်ရှိသူများက တောင်သူ ၂၁၁ ဦး၏ လယ်မြေ ဧက ၁၅၄၃ ဧကအတွက် စုစုပေါင်းချေးငွေကျပ် ၄၆၂၉ သိန်းကို တောင်သူများလက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**





# ပေါင်းတည်မြို့နယ်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ပေါင်းတည် မေ ၁၆**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် ရပ်ရွာများရှိ အခြေခံပညာကျောင်းဝင်းများ အတွင်း၊ အပြင်ဝန်းကျင်များတွင် ယနေ့နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊ အမျိုးသမီးရေးရာအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ဦးဆောင်သည့် ရပ်ကွက်နေပြည်သူများနှင့် ဆရာဆရာမများက အထက(ပေါင်းတည်)၊ အထက(မြို့မ)နှင့် အထက(မင်းကွက်)ကျောင်းဝင်းများရှိ ချုံနွယ်မြက်ရိုင်းများ၊ အမှိုက်သရိုက်များ၊ သစ်ရွက်ခြောက်များ ရှင်းလင်းစွန့်ပစ်ခြင်း၊ ကျောင်းဝန်းကျင်သာယာလှပစိုပြည်ရေးအတွက် အရိပ်ရအပင်များ၊ အလှပန်းပင်များပြုပြင်ခြင်း၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ရွှေသား(IPRD)**



# အင်းစိန်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်

**ရန်ကုန် မေ ၁၆**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အင်းစိန်မြို့နယ်ဦးစီးမှူးရုံးက နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် နိုင်ငံသားကိုယ်ရေးအချက်အလက် (UID) ကတ်ပေးအပ်ခြင်းကို ယမန်နေ့နံနက် ၁၀ နာရီခွဲတွင် စော်ဘွားကြီးကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယညွှန်ကြားရေးမှူး ဦးဗိုလ်မြင့် (ခရိုင်လဝကမှူး)၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမြင့်၊ အဖွဲ့ဝင်ဦးထင်ကျော်သူ (မြို့နယ်လဝကမှူး)နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇေယျာဦးတို့က နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ရရှိသူ ကျား ၁၇ ဦး၊ မ ၂၂ ဦးတို့အား ကွင်းဆင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး**

# တောင်သာမြို့နယ်၌ အခြေခံမွေးမြူရေးသင်တန်းပို့ချ

**တောင်သာ မေ ၁၆**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် သာစည်ကျေးရွာ၊ ဆီမီးကန်ကျေးရွာ၊ ကျွဲတလင်းကျေးရွာများတွင် ရက်(၁၀၀)စီမံချက်ဖြင့် ကျွဲ၊ နွား ရောဂါကာကွယ်ဆေးထိုးနှံခြင်းနှင့် အခြေခံမွေးမြူရေးသင်တန်းပို့ချခြင်းကို ယမန်နေ့နံနက်ပိုင်းက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာသန်းဝင်းနှင့် ဝန်ထမ်းများက အဆိုပါကျေးရွာများမှ မွေးမြူသည့် ကျွဲ၊ နွား ၅၆၅ ကောင်အား ကာကွယ်ဆေးထိုးနှံခြင်းများဆောင်ရွက်ကာ တိရစ္ဆာန်များ မွေးမြူခြင်းဆိုင်ရာနည်းလမ်းနှင့် ရောဂါကြိုတင်ကာကွယ်ရေးနည်းလမ်းများကို ဒေသခံတောင်သူများအား ပို့ချပေးခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**





✰ ကျောဖုံးမှ

ယင်းနောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌက WBPF ၏ ဂုဏ်ထူးဆောင်ဆုများကို ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ချုပ်မှ ထူးချွန်စွာတာဝန်ထမ်းဆောင်သူ လေးဦး၊ ဂုဏ်ထူးဆောင် ရွှေတံဆိပ်ဆုရရှိသူ အားကစားသမား သုံးဦး၊ ငွေတံဆိပ်ဆုရရှိသူ သုံးဦးနှင့် ကြေးတံဆိပ်ဆုရရှိသူ ငါးဦးတို့ကို ပေးအပ်သည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အသင်းများသည် စင်မြင့်ထက်မှ ပြန်လည်ထွက်ခွာပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများက မြန်မာ့ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် Men’s Juniors Bodybuilding Under 21 years ပြိုင်ပွဲတွင် ပထမ မလေးရှား၊ ဒုတိယ မြန်မာ၊ တတိယ ဗီယက်နမ်၊ Men’s Senior Bodybuilding 55kg ပြိုင်ပွဲတွင် ပထမ ဗီယက်နမ်၊ ဒုတိယ မြန်မာ၊ တတိယမြန်မာ၊ Men’s Senior Bodybuilding 60kg ပြိုင်ပွဲတွင် ပထမ မြန်မာ၊ ဒုတိယ မြန်မာ၊ တတိယ ဗီယက်နမ်၊ Men’s Senior Bodybuilding 65kg ပြိုင်ပွဲတွင် ပထမ မြန်မာ၊ ဒုတိယ ထိုင်း၊ တတိယဗီယက်နမ်၊ Men’s Senior Bodybuilding 70kg ပြိုင်ပွဲတွင် ပထမ ဗီယက်နမ်၊ ဒုတိယ မလေးရှား၊ တတိယမြန်မာ၊ Men’s Master Bodybuilding Over 45 years ပြိုင်ပွဲတွင် ပထမ မြန်မာ၊ ဒုတိယ ဖိလစ်ပိုင် ၊ တတိယမြန်မာ ၊ Men’s Sports Physique Up to 170 cm ပြိုင်ပွဲတွင် ပထမ မြန်မာ၊ ဒုတိယ ထိုင်း၊ တတိယ မလေးရှား၊ Men’s Sports Physique over 170 cm ပြိုင်ပွဲတွင် ပထမ ထိုင်း၊ ဒုတိယ မြန်မာ ၊ တတိယလာအို ၊ Men’s Fitness Physique One open Category ပြိုင်ပွဲတွင် ပထမ မြန်မာ၊ ဒုတိယ ဗီယက်နမ်၊ တတိယ ဗီယက်နမ်၊ Women’s Fitness Physique One open Category ပြိုင်ပွဲတွင် ပထမ ဗီယက်နမ်၊ ဒုတိယ မြန်မာ၊ တတိယ ဗီယက်နမ်တို့အား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်နှင့် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌတို့က တစ်ဦးချင်းဆုတံဆိပ်များ၊ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် Trophy တို့ကို ပေးအပ်သည်။

ပြိုင်ပွဲတွင် မြန်မာနိုင်ငံက ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် ငါးခုနှင့် ကြေးတံဆိပ် သုံးခု ရရှိပြီး နိုင်ငံအလိုက် အဆင့် (၁) နေရာတွင် ရပ်တည်လျက်ရှိပြီး မေ ၁၇ ရက်တွင် Event အမျိုးအစား ၁၂ မျိုးအား ပြိုင်ပွဲဝင်နိုင်ငံများက ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အဆိုပါအားကစားပြိုင်ပွဲကို မေ ၁၄ ရက် မှ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာ၊ ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ဗီယက်နမ်နှင့် လာအိုနိုင်ငံတို့မှ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

✻ ကမ္ဘာ့ဖလားမှ

မြန်မာအသင်းသည် သုံးယောက်တွဲပြိုင်ပွဲ အုပ်စုပထမပွဲအဖြစ် တရုတ်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ နှစ်ပွဲပြတ် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ပထမပွဲငယ်တွင် ၁၅-၄ မှတ်၊ ဒုတိယပွဲငယ်တွင် ၁၅-၈ မှတ်ဖြင့် အပြတ်အသတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် ပါဝင်သည့်ပြိုင်ပွဲအမျိုးအစား သုံးမျိုးစလုံး ယှဉ်ပြိုင်နေပြီး သုံးယောက်တွဲပြိုင်ပွဲတွင် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ တရုတ်၊ လေးယောက်တွဲပြိုင်ပွဲတွင် တရုတ်၊ ဘရူနိုင်းအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။

အုပ်စုဒုတိယနေ့ကို မေ ၁၇ ရက် (ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် လေးယောက်တွဲပြိုင်ပွဲ အုပ်စုပွဲအဖြစ် မြန်မာစံတော်ချိန် နံနက် ၇ နာရီခွဲတွင် ဘရူနိုင်းအသင်း၊ သုံးယောက်တွဲပြိုင်ပွဲ အုပ်စုလက်ကျန်ပွဲအဖြစ် မြန်မာစံတော်ချိန် နံနက် ၉ နာရီတွင် ဗီယက်နမ်အသင်း၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-ISTAF**

# မူဆယ်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်

**မူဆယ် မေ ၁၆**

မူဆယ်ခရိုင် မူဆယ်မြို့တွင် အိမ်ထောင်စုလူဦးရေ စာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားပေးအပ်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ခရိုင်/မြို့နယ် စုပေါင်းရုံး ပြည်သူ့ဝန်ဆောင်မှု ရုံးခန်းမ၌ ဆောင်ရွက်သည်။



အခမ်းအနားတွင် မူဆယ်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့က ဆောင်ရွက်ပြီးစီးသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကာယကံရှင်များထံသို့ ပေးအပ်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိသူ ၈၇ ဦး၊ အိမ်ထောင်စုလူဦးရေစာရင်း ရရှိသူ ၃၂ ဦးတို့အား ကာယကံရှင်များလက်ဝယ်သို့ ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

❍ မန်စီးတီးအသင်းမှ

မန်စီးတီးအသင်းက အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာ ချယ်လ်ဆီးအသင်းကို အနိုင်ရပြီး အက်ဖ်အေဖလားကို ဆွတ်ခူးနိုင်ခဲ့တာကြောင့် နည်းပြ ဂွာဒီယိုလာဟာ မန်စီးတီးအသင်းနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်ခဲ့တဲ့ ၁၀ နှစ်တာကာလအတွင်း ဆုဖလား ၂၀ အထိ ဆွတ်ခူးနိုင်ခဲ့ပြီလည်း ဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ လက်ရှိအချိန်မှာ ကာရာဘောင်ဖလားနဲ့ အက်ဖ်အေဖလားတို့ကို ဆွတ်ခူးထားပြီဖြစ်တဲ့အပြင် ပရီမီယာလိဂ်ဖလားကိုလည်း ရယူဆွတ်ခူးနိုင်မယ့် မျှော်လင့်ချက်ရှိနေသေးတာကြောင့် တစ်ရာသီအတွင်း ပြည်တွင်းဆုဖလားသုံးလုံးရရှိဖို့လည်း ရှိနေတာဖြစ်ပါတယ်။

အက်ဖ်အေဖလားပြိုင်ပွဲသမိုင်းတစ်လျှောက်မှာ အောင်မြင်မှုအရှိဆုံးအသင်းကတော့ အာဆင်နယ်အသင်းဖြစ်ပြီး အာဆင်နယ်အသင်းဟာ အက်ဖ်အေဖလားကို (၁၄) ကြိမ်အထိ ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းကတော့ အက်ဖ်အေဖလားကို ရှစ်ကြိမ်ဆွတ်ခူးထားတာဖြစ်ပေမယ့် မန်စီးတီးအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် အက်ဖ်အေဖလားကို ကိုးကြိမ်မြောက် ဆွတ်ခူးနိုင်မယ့်အခွင့်အရေးနဲ့ လွဲခဲ့ရတာဖြစ်ပါတယ်။

**ငွေကြယ်**



# ဓနုဖြူမြို့နယ်၌ မူခင်းကျဆင်းရေးအသိပညာပေး ဟောပြော

**ဓနုဖြူ မေ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် ပြည်သူ့အတွက် ရက်(၁၀၀)ကာလအတွင်း မှုခင်းကျဆင်းရေး အသိပညာပေးဆွေးနွေးဟောပြောပွဲကို မေ ၁၂ ရက်က ကျိုက်ကလွန်ပွန်းစေတီတော်မြတ်ကြီးအတွင်းရှိ ဦးဖိုးရွှေတန်ဆောင်းတော်ကြီးအတွင်း၌ ကျင်းပသည်။

**လက်ကမ်းစာစောင်များ ဖြန့်ဝေ**

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်နိုင်ဝင်းက မှုခင်းကျဆင်းရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဓနုဖြူမြို့မရဲစခန်းမှ ဒုရဲအုပ် ကျော်ကိုကိုက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း၊ မြို့နယ် ယာဉ်/စည်းတာဝန်ခံ ရဲတပ်ကြပ်ကြီး ဖြိုးအောင်က ယာဉ်စည်းကမ်း/လမ်းစည်းကမ်းအသိပညာပေးဟောပြောပြီး မှုခင်းလျော့နည်းကျဆင်းရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

# မိတ္ထီလာမြို့နယ်၌ မီးဘေးကာကွယ်ရေးသရုပ်ပြ

**မိတ္ထီလာ မေ ၁၆**

မိတ္ထီလာမြို့နယ် မြင်းကန်ကျေးရွာရှိ ROYAL PETROL စက်သုံးဆီအရောင်းဆိုင်တွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးနေမိုးအောင်ဦးဆောင်၍ တပ်ဖွဲ့ဝင် လေးဦးဖြင့် ဆိုင်ဝန်ထမ်းများအား မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြသခြင်းကို ယနေ့ညနေပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**



# မိုးကုတ်မြို့နယ်၌ ရေဆိုးထုတ်မြောင်း ပြုပြင်ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်



**မိုးကုတ် မေ ၁၆**

မန္တလေး တိုင်းဒေသကြီး မိုးကုတ်မြို့နယ်တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏အစီအစဉ်ဖြင့် မြို့မရပ်ကွက် မိုးကုတ်-မိုးမိတ်မြို့နယ်ချင်းဆက်လမ်းဘေးရှိ မင်္ဂလာကန်တော်၏ ရေဆိုးထုတ်မြောင်း ပြုပြင်ဆယ်ယူခြင်း လုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ကျော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မွန်ပြည်နယ် တရားလွှတ်တော်တရားသူကြီး ချောင်းဆုံမြို့မရဲစခန်းနှင့် အချုပ်ခန်းအား ကြည့်ရှုစစ်ဆေး



ချောင်းဆုံ မေ ၁၆

မွန်ပြည်နယ် တရားလွှတ်တော်တရားသူကြီး ဒေါ်ခိုင်ခိုင်မျိုး၊ ပြည်နယ်တရားရေးဦးစီးမှူး ဦးသိန်းထိုက်ဦး၊ မော်လမြိုင်ခရိုင် တရားသူကြီး ဒေါ်စမ်းသီတာအောင်နှင့် တာဝန်ရှိသူများသည် မေ ၁၅ ရက်တွင် ချောင်းဆုံအနောက်ရပ်ကွက်ရှိ ချောင်းဆုံမြို့မရဲစခန်းနှင့် အချုပ်ခန်းအား ကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့စစ်ဆေးရာတွင် မြို့မရဲစခန်းတာဝန်ခံအရာရှိက ရဲစခန်း၊ အချုပ်ခန်း၏ အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်တရားလွှတ်တော်တရားသူကြီးနှင့် တာဝန်ရှိသူများသည် အချုပ်ခန်းအတွင်း အချုပ်သား၊ အချုပ်သူများ နေထိုင်သည့် အဆောင်များ၊ နေထိုင်စားသောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့ကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **ကိုကျော်(ချောင်းဆုံ)**

## တာချီလိတ်မြို့၌ နွေစပါးစိုက်ပျိုးထားရှိမှုအား တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု



တာချီလိတ် မေ ၁၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် နားယောင်းကျေးရွာအုပ်စု တောင်သုံးလုံးကျေးရွာရှိ ဟီနိုင်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းက အသင်းသား တောင်သူများ စိုက်ပျိုးထားရှိသည့် နွေစပါးစိုက်ခင်းအား မေ ၁၆ ရက်တွင် ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် တာဝန်ရှိသူများက သမဝါယမကဏ္ဍမှ ရက်(၁၀၀) စီမံချက်ဖြင့် နွေစပါးစိုက်ပျိုးရာတွင် စနစ်ကျသော စိုက်ပျိုးရေးစနစ်ဖြစ်စေရန်နှင့် သွင်းအားစုများ သတ်မှတ်ရက်အတိုင်း အချိန်ကိုက်ထည့်သွင်းရန် လိုအပ်သောငွေကြေးအရင်းအနှီးများ ရရှိရေးအတွက်လည်း သက်ဆိုင်ရာ မြို့နယ်သမဝါယမအသင်းစုနှင့် ပေါင်းစပ်ညှိနှိုင်းမှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**ဝိုးတောင်း**

## သံဖြူဇရပ်မြို့နယ် မီးသတ်စခန်း၌ ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများနှင့် လူအသင့်စုဖွဲ့ထားရှိ

သံဖြူဇရပ် မေ ၁၆

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကျော်ထွေး ဦးဆောင်၍ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များနှင့် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများအား အဆင်သင့်ဆောင်ရွက်ထားရှိပြင်ဆင်မှုများကို မေ ၁၂ ရက်က သံဖြူဇရပ်မြို့ မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ ဆောင်ရွက်သည်။

### အဆင်သင့်ဆောင်ရွက်ထားရှိ

သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပေါ်ပေါက်လာပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ရှာဖွေကယ်ဆယ်ရေး သန္နေမီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးနှင့်အတူ ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများအား အဆင်သင့်



ဆောင်ရွက်ထားရှိပြီဖြစ်ကြောင်းနှင့် အရေးပေါ်တစ်စုံတစ်ရာဖြစ်ပွားပါက မီးသတ်စခန်းသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မော်လမြိုင်မြို့နယ် သားဖွားသင်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

မော်လမြိုင် မေ ၁၆

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် သားဖွားသင်တန်းကျောင်း (မော်လမြိုင်) တို့ပူးပေါင်းပြီး ရက်(၁၀၀)စီမံချက်ဖြင့် လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို မေ ၁၅ ရက်က သားဖွားသင်တန်းကျောင်း၌ ကျင်းပသည်။

### ပြန်လည်ဖြေကြား

ဦးစွာ သားဖွားသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးက အမှာစကား ပြောကြားပြီး မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့်



ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်သည်။ ပထမနှစ်နှင့် ဒုတိယနှစ် သင်တန်းသား သင်တန်းသူများက ပေါင်းသင်း ဆက်ဆံရေးနှင့် စိတ်ခံစားချက်ခွန်အား ခေါင်းစဉ်ဖြင့် ဆွေးနွေးကြကာ သိရှိလိုသည့် မေးခွန်းများကို တက်ရောက်လာသော သင်တန်းသား သင်တန်းသူများက မေးမြန်းခဲ့ရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ဇလွန်မြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်

ဇလွန် မေ ၁၆

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် ၂၀၂၆ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲကို မေ ၁၂ ရက်နံနက်ပိုင်းက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဇလွန်ဘဏ်ခွဲ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းလင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးချိုမြင့်ခိုင်တို့က အမှာစကားပြောကြားပြီး မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်မန်နေဂျာ ဦးတင်ထွန်းက ချေးငွေဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သရက်တစ်ပင်မြောက်ကျေးရွာအုပ်စုရှိ တောင်သူ ၁၃၄ ဦး၊ စိုက်ဧက ၈၉၄ ဧကအတွက် ငွေကျပ် ၂၆၈၂ သိန်းကို စတင်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ပေါင်မြို့နယ်၌ ရေသယံဇာတထိန်းသိမ်းရေးနှင့် ရေချွေတာသုံးစွဲရေး အသိပညာပေးဟောပြော



ပေါင် မေ ၁၆

မွန်ပြည်နယ် ပေါင်မြို့နယ်၌ သစ်တောဦးစီးဌာနက ရက်(၁၀၀) စီမံချက်ဖြင့် ရေသယံဇာတထိန်းသိမ်းရေးနှင့် ရေချွေတာသုံးစွဲရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက အလှပ်ကျေးရွာအုပ်စု ဆယ်အိမ်စုရပ်ကွက် ဘုန်းတော်ကြီးကျောင်းတွင် ပြုလုပ်သည်။

ဦးစွာ သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးဇော်လွင်ဦးက ရေသယံဇာတထိန်းသိမ်းရေးနှင့် ရေချွေတာသုံးစွဲရေးဆိုင်ရာ ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးရာ တက်ရောက်လာသည့် ရွာသူ ရွာသားများက သိရှိလိုသည့် မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားပေးသည်။ ထို့နောက် ရေသယံဇာတထိန်းသိမ်းရေးနှင့် ရေချွေတာသုံးစွဲရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မွန်မလေး(ပြန်/ဆက်)**

## အောင်ပန်းမြို့၌ မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့်

ကလော မေ ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် အောင်ပန်းမြို့ ပြည်သာယာဈေး၌ မီးသတ်ဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးဌာန၊ ဈေးကော်မတီတာဝန်ခံနှင့် ဈေးသည်များ ပူးပေါင်း၍ မေ ၁၅ ရက် နံနက်ပိုင်းက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့် သရုပ်ပြသသည်။

### အသိပညာပေးပြောကြား

ထိုသို့ ဆောင်ရွက်ရာတွင် အောင်ပန်းမြို့ မီးသတ်ဦးစီးဌာန မီးသတ်စခန်းမှူး ဦးအာကာငြိမ်းက ဈေးသည်များအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဆောင်ရန်၊ ရှောင်ရန်အချက်များကို အသိပညာပေး ပြောကြားပြီး မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်း၊ မီးလောင်မှုဖြစ်ပွားပါက အရေးပေါ်မီးငြိမ်းသတ်နည်းတို့ကို လက်တွေ့ပြသကာ မီးသတ်ကားဖြင့် မီးငြိမ်းသတ်မှု သရုပ်ပြသခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကျော်ဝင်း(ကလော)**



## စစ်ကိုင်းတိုင်းဒေသကြီး
## အားကစားနှင့်ကာယပညာဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနအနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ လုပ်ငန်း (၇)မျိုးအတွက် တင်ဒါခေါ်ယူသွားမည်ဖြစ်၍ စိတ်ပါဝင်စားသော အစိုးရအသိအမှတ်ပြု နိုင်ငံသားကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

- (က) မုံရွာမြို့ တိုင်းအားကစားရုံ အမိုးမိုးခြင်း (၁၂၀x၉၆x၃၆)ပေ
- (ခ) တိုင်းအားကစားကွင်း တောင်ဘက်ဂိတ်တံခါးမှ တိုင်းရုံးအဝင်လမ်း ကွန်ကရစ်လမ်းခင်းခြင်း (၃၈၇ပေx၁၂ပေx၈လက်မ)
- (ဂ) (၄)ခန်းတွဲ(၄)ထပ် ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်း (၆၁ပေ၊ ၆လက်မx၅၁ပေ)
- (ဃ) စစ်ကိုင်းခရိုင်ရုံးတည်ဆောက်ခြင်း(၆၀x၃၀x၁၂)ပေ-(ပိုးတန်းကွင်း)
- (င) စစ်ကိုင်းမြို့နယ်ဦးစီးအရာရှိနေအိမ်နံကပ်တစ်ထပ်တည်ဆောက်ခြင်း(၃၀x၃၀x၁၅)ပေ (နှစ်၇၀၀ကွင်း)
- (စ) စစ်ကိုင်းခရိုင် ဖူဆယ်ရုံပြုပြင်ခြင်း (၂၀၀x၁၀၀x၂၄) ပေ (နှစ် ၇၀၀ ကွင်း)
- (ဆ) စစ်ကိုင်းခရိုင် လက်ဝှေ့ရုံပြုပြင်ခြင်း (၁၂၀x၆၀x၂၄)ပေ

(၂) တင်ဒါပုံစံရောင်းချမည့်ရက် - (၁၈-၅-၂၀၂၆) မှ (၂-၆-၂၀၂၆)ထိ
(၃) တင်ဒါလျှောက်လွှာ - (၉-၆-၂၀၂၆)ရက်နေ့
တင်သွင်းရမည့်ရက်
နေ့ရက်/နေရာ/အချိန် - တိုင်းဒေသကြီးအား/ကာရုံး (ရုံးချိန်အတွင်း)
(၄) ဆက်သွယ်ရမည့်ဖုန်းနံပါတ် - ၀၉-၉၇၈၂၃၁၉၉၉

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၀)၊ လူနေရပ်ကွက်(၁၀)၊ မြေကွက်အမှတ်(၁၃၀၉/ခ)၊ ဧရိယာ (၁၂၀၀)စတုရန်းပေရှိ ဦးသန်းအောင် အမည်ပေါက် မြေငှားဂရန်မြေအမျိုးအစားနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဦးသန်းအောင် တစ်ဦးတည်းသာ တရားဝင်ပိုင်ဆိုင်ထားပြီး မိမိဆန္ဒသဘောအလျောက် သားအရင်းဖြစ်သူ မောင်စိုးပိုင်ထွန်း [၁၂/သကတ(နိုင်) ၁၂၁၄၃၁]သို့ တစ်ပြားတစ်ချပ်ရယူခြင်းမရှိဘဲ မေတ္တာဖြင့်အပိုင်ပေးကမ်းလိုက်ပါသည်။ သို့ပါ၍ မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား မေတ္တာဖြင့် အပိုင်ပေးကမ်းလိုက်သည့်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများ သက်သေအထောက်အထားများမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဖခင် ဦးသန်းအောင်**
**[၁၂/သကတ (နိုင်) ၀၆၂၂၂၀]**
**၀၉-၇၉၈၉၃၈၉၈၂**

## စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ မိုးမခလမ်း၊ အမှတ်(၅၆)ရှိ (၂)ခန်းတွဲ (၆)ထပ်တိုက်၏ (၃)လွှာ (ခေါင်းရင်းခန်း) [၁၂½ပေx၅၀ပေ]ခန့်ရှိ ရေ၊ မီးအစုံပါဝင်သည့် တိုက်ခန်းအားဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား ပိုင်ဆိုင်မှုစာချုပ်အဆက်အစပ်များဖြင့် တရားဝင်ပိုင်ဆိုင်သူ ဒေါ်စန္ဒာရည် [၁၂/စခန(နိုင်)၀၄၃၇၂၅]ထံမှ ကျွန်ုပ်တို့ ဦးကျော်ဦး [၆/ပလန(နိုင်)၀၀၃၃၁၈]၊ ဒေါ်ဇာဇာအောင် [၆/ပလန(နိုင်)၀၄၄၃၇၆]တို့မှ အပြီးအပိုင် ဝယ်ယူထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသောစာချုပ်စာတမ်းအား အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

| **ဦးကျော်ဦး** | **ဒေါ်ဇာဇာအောင်** |
|---|---|
| **[၆/ပလန(နိုင်)၀၀၃၃၁၈]** | **[၆/ပလန(နိုင်)၀၄၄၃၇၆]** |
| | **09-796629395, 09-441495495** |

**အမှတ်(၇၅)၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၄)ရပ်ကွက်၊ ပုလောမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ်(၆၅) B၊ Kabaraye Executive Residence (KER) အဆောက်အဦ၏ ကွန်ဒိုတိုက်ခန်း ( 19-C)၊ (19 လွှာ)၊ အခန်းအမှတ် (C)၊ အကျယ်အဝန်း (GFA-1873.46 sqft)ရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်၍ရောင်းချပိုင်ခွင့်ရှိသူ Living Square Construction Co.,Ltd (ကုမ္ပဏီကိုယ်စား မန်နေးဂျင်းဒါရိုက်တာ ဒေါ်အေးအေးသွယ်)ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပေးချေထားပြီး ဖြစ်ပါသည်။ ပိုင်ဆိုင်မှု၊ ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထား မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဇာလွင် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၀၈)**
**အမှတ်-၃၃/၄၉၊ အခန်း(၁၄)၊ Strand Condo (ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉ ၄၃၁၄၄၆၆၇**

## အများသိစေရန်ကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၂၀/ရွှေပေါက်ကံ၊မြေကွက်အမှတ်-၂၉၊(၂၄၀၀)စတုရန်းပေ၊မြေကွက်တည်နေရာအမှတ်(၂၉)၊မြင်စိုင်းလမ်း၊(၂၀/ရွှေပေါက်ကံ)၊ဦးကိုဦး(၁၂/ဥကမ(နိုင်)၁၄၉၈၃၅)၊ဒေါ်အေးအေးမော်(၁၂/ဥကမ(နိုင်)၁၄၉၈၃၆)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားပိုင်ဆိုင်စာချုပ်အမှတ်-၅၄၂၀(၂-၄-၂၀၁၉)ဖြင့်ပိုင်ဆိုင်သူဦးကိုဦးထံမှအပိုင်ပေးအပ်ခြင်းစာချုပ်အမှတ်-၁၄၃၅(၁၀-၃-၂၀၂၀)ဖြင့်ရရှိသူဦးနေဝင်းလှိုင်(၁၂/ဥကမ(နိုင်)၁၉၃၅၂၈)၊ဦးဇော်ဝင်းမောင်(၁၂/ဥကမ(နိုင်)၁၉၃၅၅၂)၊ဦးပိုင်သက်ကျော်(၁၂/ဥကမ(နိုင်)၂၃၈၄၃၂)တို့မှဂရန်မိတ္တူလျှောက်ထားလာရာဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီစိစစ်ဆောင်ရွက်၍ကန့်ကွက်သူမရှိသောကြောင့်အမှုတွဲအမှတ်-မဥ/ဂရမိတ္တူ-၂၀၂၃၀၁၆၉၉၆/၂၀၂၃(၁၃-၇-၂၀၂၃)ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မိတ္တူလျှောက်ထားခြင်းကိုခွင့်ပြုပြီးဖြစ်ပါသဖြင့်မြို့မြေစာရင်းတွင်အမှုတွဲအမှတ်-၀၇၉၂(၁၁-၁၀-၉၆)ဖြင့်ထုတ်ပေးထားသည့်မူရင်းဂရန်ကိုပယ်ဖျက်ပြီးဖြစ်ပါကြောင်းအများသိစေရန်ကြော်ငြာအပ်ပါသည်။ **ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ညွှန်ကြားရေးမှူးရုံး၊
## ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊
## စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန(ဆည်မြောင်း)၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့မှ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု/တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့်ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများနှင့် တည်ဆောက်ရေးပစ္စည်း ဝယ်ယူခြင်းကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန် စိတ်ဝင်စားသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များသို့ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မုံရွာမြို့တွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

(က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - ၁၈-၅-၂၀၂၆ ရက်မှ ၂၆-၅-၂၀၂၆ ရက် (ရုံးချိန်အတွင်း)
(ခ) PO Cheque နှင့်စာအိတ် ‘A’ ‘B’လက်ခံမည့်နေ့ -၂၉-၅-၂၀၂၆ ရက် (ရုံးချိန်အတွင်း)
(ဂ) တင်ဒါဖွင့်လှစ်မည့်နေရာ - တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့။
(ဃ) တင်ဒါဖွင့်လှစ်မည့် ရက်/အချိန် - တင်ဒါတင်သွင်းသူများသို့ ဌာနမှ ဆက်သွယ် အကြောင်းကြားပါမည်။

၃။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းလာသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မုံရွာမြို့ ဖုန်း ၀၉ - ၇၉၈၇၁၁၂၈၀၀၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ မုံရွာမြို့ ဖုန်း ၀၉ - ၄၀၀၃၀၆၄၅၂၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရွှေဘိုမြို့၊ ဖုန်း ၀၉ - ၇၉၈၅၈၃၆၄၈ သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့**

## NAING Group Construction Co.,Ltd ၏ ဦးကျော်နိုင်ဦး (Founder & Executive Chairman)၏ ဂုဏ်သိက္ခာအား ညှိုးနွမ်းစေရန် လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန်ပြုမူရေးသားဖြန့်ဝေမှုများနှင့်ပတ်သက်၍ အများသိစေရန် အထူးသတိပေးတားမြစ်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မာန်အောင်ရပ်ကွက်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ အမှတ်(၂၃၈)တွင် ရုံးစိုက်တည်ရှိသော NAING Group Construction Co.,Ltd ၏ ဦးကျော်နိုင်ဦး(ဘ)ဦးဝင်းနိုင် (Founder & Executive Chairman) [၁၂/ပဘတ(နိုင်)၀၁၇၇၁၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အတိအလင်း အသိပေးတားမြစ် ကြေညာအပ်သည်မှာ -

၁။ ကျွန်ုပ်၏မိတ်ဆွေသည် NAING Group Construction Co.,Ltd အပါအဝင် ၎င်း၏စီးပွားရေးလုပ်ငန်းများကို အစဉ်တစိုက် နှစ်ပေါင်းများစွာ ကောင်းသောအမည်၊ ဂုဏ်သတင်းတို့ဖြင့် တရားဝင် ရပ်တည်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသူ တစ်ဦးဖြစ်ပါသည်။

၂။ ယခုအခါတွင် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ NAING Group Construction Co.,Ltd ၏ ဦးကျော်နိုင်ဦး(Founder & Executive Chairman)နှင့် ပတ်သက်၍ မသမာသူများသည် ကျွန်ုပ်မိတ်ဆွေ၏ ဓာတ်ပုံများနှင့် ဗီဒီယိုမှတ်တမ်းများကို ကာယကံရှင်၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ Facebook, TikTok အစရှိသော လူမှုကွန်ရက် (Social Media) စာမျက်နှာများပေါ်တွင် ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်နိုင်ဦး၏အမည်နှင့် NAING Group Construction Co.,Ltd အမည်များကို အသုံးပြုပြီး ဂုဏ်သိက္ခာကျဆင်းစေရန်၊ လုပ်ငန်းကိစ္စများ ထိခိုက်နစ်နာစေရန်၊ ကုမ္ပဏီနာမည်ပျက်စေရန် ရည်ရွယ်၍ မဟုတ်မမှန်သတင်းများ လုပ်ကြံဖန်တီးရေးသားခြင်း၊ ပြောဆိုခြင်း၊ ပုံများတင်ခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်စေရန် ရည်ရွယ်၍ မဟုတ်မမှန်စာသားများ ဖြန့်ဝေခြင်းများရှိကြောင်းကို တွေ့ရှိရပါသည်။

၃။ အဆိုပါလုပ်ရပ်များသည် လူပုဂ္ဂိုလ်ရေးဆိုင်ရာလုံခြုံမှု (Privacy) ကို ချိုးဖောက်ရုံသာမက စီးပွားရေးလုပ်ငန်း၏ ပုံရိပ်ကိုပါ ဆိုးရွားစွာ ခြိမ်းခြောက်နေသော အသရေဖျက်မှုများ ဖြစ်ပါသည်။

၄။ ထိုသို့ ဥပဒေမဲ့ရေးသားဖြန့်ဝေနေသော မည်သူ့ကိုမဆို တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုနိုင်ရန်အတွက် Media Litigation လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ (Archive) ပြုလုပ် သိမ်းဆည်းထားရှိပြီး ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ထိုသို့မဟုတ်မမှန်လုပ်ကြံဆောင်ရွက်နေသူများသည်-
- * ယနေ့ ဤကြေညာချက် ထုတ်ပြန်သည့်ရက်မှစ၍ အဆိုပါ ဥပဒေမဲ့ လုပ်ရပ်များကို (ချက်ချင်း)ရပ်တန့်ရန်၊
- * ကူးယူဖော်ပြထားခြင်း၊ ပြန်လည်ဝေမျှထားခြင်းများရှိသော ပို့စ် (Post) များနှင့် ရေးသားထားသော (Comment) မှတ်ချက်များအားလုံးကို အမြန်ဆုံးပြန်လည်ဖျက်သိမ်း၍ တရားဝင် ပြန်လည်တောင်းပန်ရန်၊
- * နောက်နောင်တွင် ဤကဲ့သို့သော လုပ်ရပ်မျိုးကို ထပ်မံမပြုလုပ်ကြရန် လေးနက်ပြတ်သားစွာ သတိပေးတားမြစ် လိုက်ပါသည်။

၆။ အကယ်၍ ဤတားမြစ်ချက်များကို လိုက်နာရန်ပျက်ကွက်ပါက မူလကျူးလွန်သူများသာမက ပူးပေါင်းပါဝင်သူများ အပါအဝင် ဆက်နွယ်ပတ်သက်သူများနှင့် ထပ်ဆင့်ဝေမျှသူများ (Sharers) အားလုံးအပေါ်တွင် တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ တရားစွဲဆို အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် အတိအလင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်နိုင်ဦး၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုချိုပြုံး ( LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၂၄၀)**
**ရုံးခန်း- အမှတ်(၁၀၃/ဘီ)၊ အနော်ရထာ(၃)လမ်း၊ (၂၂)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၈၅၉၁၂၇၆၊ ၀၉-၇၇၇၇၈၇၄၈၇**

## ပတ်စ်ပို့ပျောက်

(ဘ)ဦးအိဆွတ်၏ သားဖြစ်သူ ဦးခင်စိုး [၁၀/မလမ(နိုင်) ၂၃၉၁၀၆]၏ နိုင်ငံကူးလက်မှတ် (MC-292242) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၀၆၃၀၁၀၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ မြိုင်ဟေဝန်အိမ်ရာ၊ တိုက်အမှတ် (၄)၊ အခန်းအမှတ်(၂၀၂)သည် ဒေါ်လွယ်ခန်နွမ်း [၁၂/ရကန(နိုင်)၀၁၈၃၃၀] နှင့် ဒေါ်လျာမန်ကျိန်ခိုင် [၁၂/ဥကတ(နိုင်)၀၀၀၆၇၉] တို့ သားအမိနှစ်ဦးအမည်ဖြင့် ပိုင်ဆိုင်သောအခန်းဖြစ်ပြီး အဆိုပါ အခန်းအား သမီးဖြစ်သူ ဒေါ်လျာမန်ကျိန်ခိုင် တစ်ဦးတည်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ်ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းကို ကန့်ကွက်လိုပါက ကြော်ငြာသည့်နေ့မှစ၍(၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၄)ရပ်ကွက်၊ ပန်းဆိုးတန်းလမ်း၊ တိုက်အမှတ် (၁၉၀/၁၉၄)၊ ၄-ခန်းတွဲ (၁၂)ထပ်တိုက်အဆောက်အဦရှိ (လေးလွှာ/C)၊ (အလျား ၂၅ ပေ x အနံ ၆၀ ပေ)အကျယ်အဝန်းရှိသည့် တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သည့် ကိုယ်ပိုင်လျှပ်စစ်မီတာ၊ ကိုယ်ပိုင်ရေမော်တာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးကျော်ဆန်းဦး [၁၂/တမန(နိုင်) ၁၁၉၄၃၈] နှင့် ဦးဥက္ကာထွန်း [၁၂/ကတတ(နိုင်)၀၃၂၀၈၈]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ယနေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငုဝါထွန်း (LL.B,M.B.L, D.B.L,D.I.R)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၀၃၀/၁၃)**
**အမှတ်(၄၅)၊ မြေညီ၊ အသောကလမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၀၂၃၁၃၈**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး ၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ မြေတိုင်း (၁၆)၊ သဇင်လမ်းသွယ်(၅)လမ်း၊ မြေကွက်အမှတ်(၁၅၀-၁၅၁)၊ အကျယ်အဝန်း (ပေ၁၂၀ x ပေ၆၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် အဆောက်အဦအပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးအောင်သီဟ [၇/လပတ(နိုင်)၁၆၆၇၁၃]မှ ပိုင်ရှင်ဖြစ်သူ ဒေါ်နန့်ရွှေစင်[၁၄/ကပန(နိုင်)၀၁၃၁၇၃]ထံသို့ စရန်ငွေ တစ်စိတ်တစ်ဒေသအားပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤသတင်းစာပါရှိသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် အောင်မြင်ပြီးမြောက်စေရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| **ဒေါ်ဆွေစင်အိ(LL.B) (LL.M)** | **ဦးလင်းဘုန်းမြတ်(LL.B) (D.IP.L) (D.M.L)** |
|---|---|
| **တရားလွှတ်တော်ရှေ့နေ(စဉ် - ၈၆၉၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၃၈၁)** |

**အမှတ်(၃၈၈/၃၉၈)၊ (၄)လွှာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်။ ဖုန်း - ၀၉ - ၇၈၅၁၉၄၉၀၉**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၉၂) ရပ်ကွက်၊ ရတနာလမ်း၊ စစ်တောင်းရိပ်မွန်အိမ်ရာ၊ တိုက် (၆)၊ အခန်း(၂၀၂) တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိတစ်ဦးတည်းသာလျှင် အရှုပ်အရှင်းမရှိ၊ တရားဝင် လက်ဝယ်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်အေးသန္တာ [၁၂/ကမတ (နိုင်) ၀၉၀၇၉၂]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်လင်းလက်လက်သူ [၁၂/ဒဂဆ(နိုင်)၀၃၃၄၃၆]မှ အပြီးအပြတ်ဝယ်ယူရန် ရောင်းဖိုးငွေစရန်တစ်စိတ်တစ်ဒေသကို ပေးချေဝယ်ယူပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၃)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဒေါ်လင်းလက်လက်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ**

| **ဦးစိုးပိုင် (LL.B, LL.M)** | **ဒေါ်လင်းလင်းထက် (LL.B, D.I.L)** |
|---|---|
| **အထက်တန်းရှေ့နေ (စဉ် - ၅၆၈၆၄)** | **တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၅၅၆၀)** |

**အမှတ် (၃/၁)၊ သံသုမာလမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်။ ဖုန်း- ၀၉ - ၉၇၆၃၅၁၁၁၁၊ ၀၉ - ၉၄၄၃၈၄၄၇၇**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၆)၊ မြေကွက်အမှတ်(၅၃၂)၏ မြေအကျယ်အဝန်း(၄၀x ၆၀)ပေထဲမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ်(၅၃၁)နှင့်ကပ်လျက်ဘက်ခြမ်း၏ မြေအကျယ်အဝန်း (၂၀x ၆၀)ပေရှိ ဦးထွန်းရီ[၁၂/မဂဒ(နိုင်)၀၁၁၈၀၂]အမည်ပေါက်မြေချပါမစ်(မူရင်း) ဘက်ခြမ်း မြေအမျိုးအစားမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်သန္တာအေး[၁၄/မအပ(နိုင်)၁၉၇၂၀၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
|---|---|
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO Switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ ပင်းယ(၂)လမ်း၊ မြေကွက်အမှတ် (၇၈၃)၏ မြေအကျယ်အဝန်း(၄၀x ၆၀)ပေထဲမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ်(၇၈၅)နှင့်ကပ်လျက်ဘက်ခြမ်း၏ မြေအကျယ်အဝန်း(၂၀x ၆၀)ပေရှိ ဦးငွေလှိုင်(CF-၀၆၉၂၇၆)အမည်ပေါက် မြေချပါမစ်(မူရင်း) ဘက်ခြမ်းမြေအမျိုးအစား မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်နီနီကံညွန့်[၉/လဝန(နိုင်) ၀၀၁၂၇၈]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
|---|---|
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO Switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၂)၊ မြေကွက်အမှတ်(၇၇၈)၏ မြေအကျယ်အဝန်း(၄၀x ၆၀)ပေထဲမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ်(၇၇၉)နှင့် ကပ်လျက်ဘက်ခြမ်း၏ မြေအကျယ်အဝန်း(၂၀x ၆၀)ပေရှိ ဦးမြအုန်း[၁၂/ရကန(နိုင်)၀၃၂၈၆၈]အမည်ပေါက်မြေချပါမစ်(မူရင်း) ဘက်ခြမ်း မြေအမျိုးအစားမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်မိုးမိုးအေး[၁၂/မရက(နိုင်)၀၀၅၀၃၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
|---|---|
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO Switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**အရှင်အနော်ပမ (ခ) ဦးခင်မောင်ဦး**

**သိက္ခာတော် (၃၁)ဝါ၊ သက်တော် (၈၈)နှစ်**

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး မှ အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်နှင့်ဇနီး ဒေါက်တာဝင်းပုလဲ ၏ ဖခင်ဖြစ်သူ အရှင်အနော်ပမ (ခ) ဦးခင်မောင်ဦး၊ သိက္ခာတော်(၃၁)ဝါ၊ သက်တော် (၈၈)နှစ်သည် ၁၆-၅-၂၀၂၆ ရက် (စနေနေ့) နံနက် ၀၀:၄၂ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝနတ်ထံ ပျံလွန်တော်မူသွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမြထွန်းဦးနှင့် ဇနီး ဒေါ်သက်သက်အောင်**
**ပြည်ထောင်စုဝန်ကြီး**
**ပို့ဆောင်ရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**အရှင်အနော်ပမ (ခ) ဦးခင်မောင်ဦး**

**သက်တော် (၈၈) နှစ်၊ သိက္ခာတော် ( ၃၁ ) ဝါ**

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး မှ အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်နှင့်ဇနီး ဒေါက်တာဝင်းပုလဲတို့၏ ဖခင်ဖြစ်သူ အရှင်အနော်ပမ (ခ) ဦးခင်မောင်ဦး သက်တော် (၈၈) နှစ်၊ သိက္ခာတော် ( ၃၁ ) ဝါ သည် ၁၆-၅-၂၀၂၆ ရက်၊ (စနေနေ့)၊ နံနက် (၀၀ : ၄၂) နာရီတွင် (၉၆) ပါးသောရောဂါဖြင့် ဘဝနတ်ထံပျံလွန်တော်မူသွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့် အရာထမ်း၊ အမှုထမ်းများ**
**ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**အရှင်အနော်ပမ (ခ) ဦးခင်မောင်ဦး**

**သိက္ခာတော်(၃၁)ဝါ၊ သက်တော်(၈၈)နှစ်**

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်နှင့်ဇနီး ဒေါက်တာဝင်းပုလဲ၏ဖခင်ဖြစ်သူ အရှင်အနော်ပမ (ခ) ဦးခင်မောင်ဦး သိက္ခာတော်(၃၁)ဝါ၊ သက်တော်(၈၈)နှစ်သည် ၁၆ - ၅ - ၂၀၂၆ ရက် (စနေနေ့) နံနက် ၀၀:၄၂ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝနတ်ထံ ပျံလွန်တော်မူသွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးစံရွှေအောင်နှင့် ဇနီး ဒေါ်အေးအေးသန်း**
**အမြဲတမ်းအတွင်းဝန်(ငြိမ်း)၊ နယ်စပ်ရေးရာဝန်ကြီးဌာန**

## ဦးအောင်စိန်မြင့်

**အသက်(၈၀)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလဘောင်/တောင်ပိုင်းရပ်ကွက်၊ စိန်ပဒေသာခြံပတ်လမ်း၊ အမှတ်(၇၄)နေ ဦးဉာဏ်ထွန်းအောင်-ဒေါ်ခက်ခက်ဆန်း၊ ဦးရဲထွန်းအောင်-ဒေါ်ခင်မငြိမ်းတို့၏ ဖခင်၊ မောင်ကောင်းမြတ်ခန့်၏ဘိုးဘိုး၊ ဒေါ်တင်အေးမြင့်၏ခင်ပွန်းဖြစ်သူသည် ၁၄-၅-၂၀၂၆ (ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့ညနေ ၄:၃၀ နာရီတွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ရက်လည်ဆွမ်းကျွေးတရားတော်နာကို ၂၀-၅-၂၀၂၆(ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိကို နေအိမ်တွင်လည်းကောင်း၊ တစ်လပြည့်ဆွမ်းကျွေးရည်စူးအလှူကို ၁၄-၆-၂၀၂၆ (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် မဟာစည်သာသနာ့ရိပ်သာ၊ ဗဟန်း၌လည်းကောင်း ပြုလုပ်လှူဒါန်းမည်ဖြစ်ပါ၍ တရားတော်နာကြွရောက်ကြပါရန် ဆွေမျိုးမိတ်သင်္ဂဟတို့ကို အသိပေးဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာဦးဦးဟန်**

**ခွဲစိတ်အထူးကုဆရာဝန်ကြီး(ငြိမ်း)**

**အလုပ်သမားဆေးရုံကြီး**

**အသက်(၇၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ကမ္ဘောဇလမ်း၊ အမှတ် (၁၈/က)နေ ဒေါ်ခင်မြဝေ (စာရင်းစစ်ချုပ်ရုံး-ငြိမ်း)၏ ခင်ပွန်း၊ ဒေါက်တာခင်အိဟန်-ဒေါက်တာအောင်မျိုးဟန် (ခေတ္တ-ကနေဒါ)၊ ဒေါက်တာထူးဟန်-ဒေါက်တာခင်စုကြည်တို့၏ အစ်ကိုကြီး၊ ဒေါက်တာသွဲ့ဦးဟန် (ခေတ္တ-ယူကေ)၊ ဦးဖြိုးဦးဟန်တို့၏ဖခင် ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာဦးဦးဟန်သည် ၆-၅-၂၀၂၆ (ဗုဒ္ဓဟူးနေ့) ညနေ ၅:၅၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ခွဲစိတ်ကုပညာဌာန**
**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်အမှတ်(၈၀၀)၊ ဦးပိုင်အမှတ်(၂၉)၊ ၂၇လမ်း၊ ၆၃x၆၄လမ်းကြားရှိ ဒေါ်တင်တင်အမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးမောင်ကို၊ မိခင် ဒေါ်တင်တင်၊ သား ဦးမြင့်ဦး(လူပျိုဘဝ)၊ သား ဦးမျိုးဦး(လူပျိုဘဝ)တို့ကွယ်လွန်၍ ကျန်ရစ်သူသမီးများဖြစ်ကြသော ဒေါ်အေးအေးမြင့် [၉/မရမ(နိုင်)၀၄၅၀၅၁]၊ ဒေါ်ကြည်ကြည်ဦး [၉/မရမ(နိုင်)၀၄၄၉၈၄]၊ ဒေါ်နွယ်နွယ်ဦး [၉/မရမ(နိုင်)၀၄၅၀၃၀] တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**အရှင်အနော်ပမ (ခ) ဦးခင်မောင်ဦး**

**သိက္ခာတော် (၃၁)ဝါ၊ သက်တော် (၈၈)နှစ်**

မုံရွာမြို့နေ (ရှေ့နေ ဦးထွန်းရှိန်-ဒေါ်စိန်ပွင့်)တို့၏ သား၊ (ဒေါ်ခင်မြင့်)၊ (ဒေါ်ခင်ဆင့်) တို့၏ မောင်၊ ဒေါက်တာခင်မောင်လေး၊ (ဦးခင်မောင်ထွေး) တို့၏အစ်ကို၊ (ဒေါ်တင်ကြည်)၏ ခင်ပွန်း၊ ဦးဝင်းခန့်(ခ)ဦးသူရဦး- ဒေါက်တာဝင်းပုလဲ၊ ဦးတေဇဦး-ဒေါ်အောင်အောင်စီ၊ ဒေါက်တာပပဦးတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ ဦးစွမ်းထက်ဦး-ဒေါ်သဲဆုစန္ဒီ၊ ဒေါက်တာဝင်းမြတ်ဦး- ဒေါ်ချောသီရိ၊ မောင်လင်းသန့်ဦး၊ မောင်ဘုန်းခန့်ဦးတို့၏ အဘိုး၊ မသွန်းဆုရည်စံ၏ ဘေးကြီး အရှင်အနော်ပမ(ခ)ဦးခင်မောင်ဦးသည် ၁၆-၅-၂၀၂၆ (စနေနေ့) နံနက် ၀၀:၄၂ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၁၈-၅-၂၀၂၆ (တနလ်ာနေ့) မွန်းလွဲ ၁ နာရီတွင် ပုသိမ်မြို့၊ သယောင်းချောင်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**အရှင်အနော်ပမ (ခ) ဦးခင်မောင်ဦး**

**သိက္ခာတော်(၃၁)ဝါ၊ သက်တော် (၈၈)နှစ်**

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်နှင့် ဇနီး ဒေါက်တာဝင်းပုလဲ၏ ဖခင်ဖြစ်သူ အရှင်အနော်ပမ (ခ) ဦးခင်မောင်ဦး သိက္ခာတော်(၃၁)ဝါ၊ သက်တော်(၈၈)နှစ်သည် ၁၆-၅-၂၀၂၆ ရက် (စနေနေ့) နံနက် ၀၀:၄၂ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝနတ်ထံ ပျံလွန်တော်မူသွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အရာထမ်း/ အမှုထမ်းများ၊ ဝန်ကြီးရုံး**
**ပို့ဆောင်ရေးဝန်ကြီးဌာန**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးတင်အောင်

**ညွှန်ကြားရေးမှူး(ငြိမ်း)**

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အခန်းအမှတ်(၀၃၀၆)၊ ချမ်းသာဂုဏ်ရောင်ကွန်ဒိုနေ (ဦးမောင်လုံး-ဒေါ်အုန်းခင်)တို့၏ တစ်ဦးတည်းသောသား၊ (ဒေါ်ညွှန့်ညွှန့်ကျင်)၏ခင်ပွန်း၊ ဒေါ်မိုမိုအောင်၊ ဦးခင်မောင်ကျော်-ဒေါ်အေးသီတာအောင်၊ ဦးကောင်းမြင့်-ဒေါ်ခင်သူဇာအောင်၊ ဦးဇော်ထက်အောင်-ဒေါ်အေးမြတ်ခိုင်တို့၏ မွေးသဖခင်၊ မသန့်အိန္ဒြာဦး၊ မဆုနှင်းဝေဇင်၊ မောင်စည်သူထွန်းဦး-မAngel တို့၏ ချစ်လှစွာသော အဘိုးသည် ၁၅-၅-၂၀၂၆ (သောကြာနေ့) ညနေ ၅:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၇-၅-၂၀၂၆ (တနင်္ဂနွေနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်သောစိတ်ထားဖြင့် အကြောင်းကြားအပ်ပါသည် ။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၅-၂၀၂၆ (ကြာသပတေးနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြားမည်ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး**

## ဒေါ်တင်မြင့်

**အသက် (၈၂) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ အောင်ချမ်းသာရပ်ကွက်၊ ဗိုလ်ထိန်ဝင်းလမ်း၊ အမှတ်(၀/၂၆၈)နေ (ဦးဖြိုး-ဒေါ်ကလေးမ)တို့၏သမီး၊ (ဦးကျော်ရင်)၏ ဇနီး၊ (ဒေါ်သန်းသန်းဦး)၊ ဒေါ်သန်းသန်းအေး (Success Pre-School) ဒေါ်အေးအေးမော် (Sport Village အားကစားပစ္စည်းဆိုင်)၊ ဒေါ်ယဉ်ယဉ်ထွေး (Success Pre-School)၊ ဦးအောင်သူ (ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ ပုဇွန်တောင်မြို့နယ်ထွေ/အုပ်ရုံး)-ဒေါ်သင်းသင်းဆွေ (သန်လျင်ခရိုင်ထွေ/အုပ်ရုံး)၊ ဦးကျော်ကျော်နိုင်-ဒေါ်ချိုချိုမြင့် ("အောင်" အပေါင်ဆိုင်)တို့၏ မိခင်ကြီး၊ မလဲ့လဲ့ဝင်း၊ မယွန်းမြတ်သွယ်၊ မောင်ဝေလျှံခန့်၊ မယွန်းကြည်စင်တို့၏ အဘွားဖြစ်သူသည် (၁၃၈၈ ခုနှစ်၊ ကဆုန်လကွယ်နေ့) ၁၅-၅-၂၀၂၆ (သောကြာနေ့) ညနေ ၅:၄၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၇-၅-၂၀၂၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် သန်လျင်မြို့၊ အမိုးနီသုသာန်သို့ ကောင်းမွန်စွာပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူးကာ မြင့်မြတ်သောဘုံဘဝသို့ရောက်ပါစေခြင်းအကျိုးငှာ ဘုရားအမှူးရှိသော ပင့်သံဃာတော် အရှင်သူမြတ်တို့အား ဆွမ်းစသောဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်း၍ ရေစက်သွန်းချအမျှပေးဝေလိုပါသောကြောင့် (၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၆ရက်) ၂၁-၅-၂၀၂၆ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် လေးစားစွာဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်စုစု

**အသက် (၇၆)နှစ်**

ရန်ကုန်မြို့နေ (ဦးအောင်သိန်း-ဒေါ်စောရင်)တို့၏ သမီး၊ ဒေါ်ယဉ်မွန်စိုး၊ ဒေါ်မြတ်မွန်စိုး-ဦးဝင်းသူတို့၏မိခင်၊ မောင်သန့်သီဟမင်း၊ မောင်အော်စကာမြတ်သူဝူးတို့၏အဘွားဖြစ်သူ ဒေါ်စုစုသည် ၁၃-၅-၂၀၂၆ (ဗုဒ္ဓဟူးနေ့) နံနက် ၁ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအတိုင်း ယင်းနေ့တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူအား ရည်စူး၍ ၁၇-၅-၂၀၂၆ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ အမှတ် (၀၀၂)၊ တိုက်(J)၊ အနော်ရထာအိမ်ရာ၊ ပြည်လမ်း၊ ကမာရွတ်နေအိမ်၌ ပြုလုပ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**အရှင်အနော်ပမ (ခ) ဦးခင်မောင်ဦး**

**သိက္ခာတော်(၃၁)ဝါ၊ သက်တော်(၈၈)နှစ်**

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်နှင့် ဇနီး ဒေါက်တာဝင်းပုလဲ၏ဖခင်ဖြစ်သူ အရှင်အနော်ပမ (ခ) ဦးခင်မောင်ဦး၊ သိက္ခာတော်(၃၁)ဝါ၊ သက်တော်(၈၈)နှစ်သည် ၁၆-၅-၂၀၂၆ ရက်(စနေနေ့) နံနက် ၀၀:၄၂ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝနတ်ထံ ပျံလွန်တော်မူသွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူး နှင့်**
**အရာထမ်း အမှုထမ်းများ**
**ပြည်တွင်းရေကြောင်းပို့ဆောင်ရေး**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးလဖိုင်ခွန်ဆာ**

**အသက်(၇၃)နှစ်**

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၊ ပဉ္စမသက်တမ်း (၂၀၁၈ မှ ၂၀၂၂ ထိ) ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ခဲ့သော ဦးလဖိုင်ခွန်ဆာသည် ၁၄-၅-၂၀၂၆ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးလဖိုင်ခွန်ဆာ**

**အသက်(၇၃)နှစ်**

မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း (MEEA) ပဉ္စမသက်တမ်း (၂၀၁၈ မှ ၂၀၂၂ထိ) ဒုဥက္ကဋ္ဌ(၁) တာဝန်ထမ်းဆောင်ခဲ့သော ဦးလဖိုင်ခွန်ဆာသည် ၁၄-၅-၂၀၂၆ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးယောဆက်**
**ဥက္ကဋ္ဌ**
**မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်း**

## ဦးရှီကွယ်နိမ့်(ခ) ဦးလောစန်း

**အသက်(၆၅) နှစ်**

တာချီလိတ်မြို့၊ ပါဆတ်ရပ်ကွက် နယ်မြေ (၃)၊ လွန်းကျိုင်းရပ်နေ ဦးလောင်ချိုင်၏သားဖြစ်သူ ဦးရှီကွယ်နိမ့် (ခ) ဦးလောစန်းသည် ၁၄-၅-၂၀၂၆ ရက်တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ၉-၆-၂၀၂၆ ရက်တွင် ရုပ်ကလာပ်အား လွန်းကျိုင်းသုသာန်၌ မြေချအုတ်ဂူသွင်းခြင်း ဆောင်ရွက်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၂၆ ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာဦးဦးဟန်**

**ခွဲစိတ်အထူးကုဆရာဝန်ကြီး(ငြိမ်း)**

**အလုပ်သမားဆေးရုံကြီး**

**အသက်(၇၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ကမ္ဘောဇလမ်း၊ အမှတ် (၁၈/က)နေ ဒေါ်ခင်မြဝေ (စာရင်းစစ်ချုပ်ရုံး-ငြိမ်း)၏ ခင်ပွန်း၊ ဒေါက်တာခင်အိဟန်-ဒေါက်တာအောင်မျိုးဟန် (ခေတ္တ-ကနေဒါ)၊ ဒေါက်တာထူးဟန်-ဒေါက်တာခင်စုကြည်တို့၏ အစ်ကိုကြီး၊ ဒေါက်တာသွဲ့ဦးဟန်(ခေတ္တ-ယူကေ)၊ ဦးဖြိုးဦးဟန်တို့၏ဖခင် ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာဦးဦးဟန်သည် ၆-၅-၂၀၂၆ (ဗုဒ္ဓဟူးနေ့) ညနေ ၅:၅၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံခွဲစိတ်ကုပညာအဖွဲ့**
**Myanmar Surgical Society**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်အမှတ်- ၁၈၉၊ ဦးပိုင်အမှတ်- ၅-က/၂၄လမ်း၊ ၈၇x၈၈ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးသာလှ၊ မစန်းမြင့်တို့အနက် ဇနီး ဒေါ်စန်းမြင့် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်( ၆၉၁/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သော ခင်ပွန်း ဦးသာလှ[၉/မနတ(နိုင်)၀၁၄၆၈၇] က အမည်ပေါက် မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

**သွေးသည် အသက်**

❖ နိုင်ငံတော် ရှေ့သို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# အကြိမ်(၂၀)မြောက် အရှေ့တောင်အာရှ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် မေ ၁၆**

အကြိမ်(၂၀)မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)၌ ကျင်းပသည်။

ဦးစွာ ပြိုင်ပွဲဝင်နိုင်ငံများမှ အသင်းများက စင်မြင့်ထက်တွင် နေရာယူကြပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ၊ အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်(SEABPF)ဥက္ကဋ္ဌ Mr. Phumvarin Chunhawongvarit နှင့်ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်(WBPF)ဥက္ကဋ္ဌ Mr. Datuk Paul Chua တို့က အမှာစကားပြောကြားကြသည်။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ☆




# ကမ္ဘာ့ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုပထမပွဲတွင် မြန်မာအသင်း အနိုင်ရ

**ရန်ကုန် မေ ၁၆**

၂၀၂၆ ကမ္ဘာ့ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုပွဲများကို မေ ၁၆ ရက်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ စတင်ကျင်းပရာ မြန်မာအသင်းအဖွင့်ပွဲတွင် အနိုင်ရခဲ့သည်။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ✳




# MFF ယူ-၁၉ ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂) ဆက်လက်ကျင်းပ

**ရန်ကုန် မေ ၁၆**

၂၀၂၆ MFF ယူ-၁၉ ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)ကို မေ ၁၆ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပသည်။

ပွဲစဉ်(၂)တွင် YCDC Dream Team အသင်းက မင်္ဂလာဒုံစီးတီးအသင်းကို ကိုးဂိုး-သုံးဂိုး၊ YRG အသင်းက Royal Noka အသင်းကို ၁၁ ဂိုး-ဂိုးမရှိ၊ MIU အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ၁၂ ဂိုး-နှစ်ဂိုး၊ Pacific Sun Far အသင်းက Gold Dream အသင်းကို ၁၀ ဂိုး-နှစ်ဂိုး၊ ULAD အသင်းက United City အသင်းကို ငါးဂိုး-ဂိုးမရှိ၊ JV အသင်းက Burmese Warriors အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယနေ့ကျင်းပသည့် ပွဲအားလုံး အရှုံးအနိုင်ရလဒ်ထွက်ပေါ်ပြီး ပွဲအားလုံး ဂိုးပြတ်ခဲ့သည်။

ပွဲစဉ်(၂)အပြီးတွင် ULAD အသင်း၊ Pacific Sun Far အသင်း၊ YRG အသင်း၊ MIU အသင်းနှင့် JV အသင်းတို့ နှစ်ပွဲဆက်အနိုင်ရခဲ့သည်။

**မောင်စံကြီး**

# မန်စီးတီးအသင်း အက်ဖ်အေဖလား (၈)ကြိမ်မြောက် ဆွတ်ခူး

ချယ်လ်ဆီးအသင်းနဲ့ မန်စီးတီးအသင်းတို့ မေ ၁၆ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အက်ဖ်အေဖလားဗိုလ်လုပွဲစဉ်မှာ မန်စီးတီးအသင်းက တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရပြီး အက်ဖ်အေဖလားကို (၈)ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ပထမပိုင်းပွဲကစားချိန်အတွင်း ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ဘဲ ဒုတိယပိုင်းပွဲကစားချိန် ၇၂ မိနစ်အရောက်မှာ ဆီမီညိုသွင်းယူခဲ့တဲ့ တစ်လုံးတည်းသော သွင်းဂိုးနဲ့

စာမျက်နှာ ၁၇ ကော်လံ ၃ သို့ ○





မန်စီးတီးအသင်း ကစားသမားများ အက်ဖ်အေဖလားနှင့်အတူ အောင်ပွဲခံနေစဉ်။

# လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားလျော့သွား

**နေပြည်တော် မေ ၁၆**

ယနေ့ မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက် အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားလျော့သွားခဲ့သည်။

**မိုး/ဇလ**



## ယနေ့ ဖတ်စရာ

**ရုရှားသမ္မတ ဗလာဒီမာပူတင် မေ ၁၉ ရက်တွင် တရုတ်နိုင်ငံသို့ အလည်အပတ်ခရီးသွားမည်**

စာမျက်နှာ ၁၃

**ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် မိုင်းရှူး-မိုင်းစံဒေသ သံလွင်မြစ်အနီး၌ တရားမဝင် တရုတ်နိုင်ငံသား ၁၈ ဦး ဖမ်းဆီးရမိမှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်သည့် လုပ်ငန်းသုံးပစ္စည်းများနှင့် အဆောက်အအုံများ သိမ်းဆည်းရမိ**

စာမျက်နှာ ၁၅